ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ဂုဏ်တော်ထူးနှင့်ပြည့်စုံတော်မူ**

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရ မရသော်လည်း အာဘဿရဘုံရှိ ဗြဟ္မာကြီးများကဲ့သို့ ပီတိဟူသောအစာကို စားသုံး၍နေနိုင်ကုန်၏။ (ထိုသို့ ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)

၁၃၇၉ ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့။ Thursday, 11 January 2018 ၉၁၆၆

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖိလစ်ပိုင်သမ္မတဟောင်းနှင့် စင်ကာပူသံအမတ်ကြီးတို့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ၏(၁၄)ယောက်မြောက်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ၊ လက်ရှိလွှတ်တော်အမတ် Hon. Gloria Macapagal-Arroyo အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးကိစ္စရပ်များနှင့် ပညာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Vanessa Chan Yuen Ying လာရောက်တွေ့ဆုံစဉ်။**

# လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး Yangon Innovation Center ထူထောင်မည်

**ရန်ကုန် ဇန်နဝါရီ ၁၀**

လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများ ပေါ်ထွက်လာစေရေး၊ လူမှုစီးပွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ရန်ကုန်မြို့ ကမ်းနားလမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်ရှိ ဆိပ်ကမ်းဝင်းအတွင်း Yangon Innovation Center ထူထောင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက အဆိုပါဝင်းအတွင်းရှိ အဆောက်အအုံ၌ ပြုလုပ်သောသတင်းစာရှင်းလင်းပွဲမှ သိရသည်။

အဆိုပါ Yangon Innovation Center ကို အစိုးရက ပံ့ပိုးမြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကော်မတီဖွဲ့စည်းခြင်း၊ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း၊ အမှုဆောင်အရာရှိချုပ်ခန့်အပ်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ပြီး လုပ်ငန်းတာဝန်ခြောက်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု သိရသည်။

ယင်းအတွက် ယုံကြည်အပ်နှံမှု ကော်မတီတစ်ရပ်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ လမ်းပန်းဆက်သွယ်ရေး လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဒေါ်နီလာကျော်၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုး စသည့် တိုင်းဒေသကြီးဝန်ကြီးအဆင့် တာဝန်ရှိသူများ ပါဝင်မည်ဖြစ်ပြီး ပြင်ပပညာရှင်အဖြစ် ဒေါက်တာထွန်းသူရသက်၊ စီးပွားရေးလုပ်ငန်းရှင် ဦးနေအောင်တို့ပါဝင်သည်။ ကော်မတီ၏ လုပ်ငန်းတာဝန်ခြောက်ရပ်အနေဖြင့် မြန်မာတစ်နိုင်ငံလုံးမှ လူငယ်များကို ထိတွေ့ချိတ်ဆက်ပေးရေး၊ စွန့်ဦးတီထွင်မှုများ လုပ်ဆောင်နိုင်စေရေး၊ တက္ကသိုလ်များ၊ ကျောင်းများ၊ ပြင်ပမှပညာသင်ကြားခဲ့ရသူများနှင့် လုပ်ငန်းခွင်များ အစိုးရတို့နှင့် ကွန်ရက်ချိတ်ဆက်နိုင်ရန် ဆောင်ရွက်ပေးရေး၊ Yangon ဟူသော ဝိသေသလက္ခဏာ ပေါ်ပေါက်လာရေး၊ နိုင်ငံတကာနှင့် ချိတ်ဆက်ပေးရေး၊ Yangon Innovation Center မှ နည်းပညာများနှင့် အကြံဉာဏ်များကို အစိုးရထံပေးအပ်သွားနိုင်ရေးတို့ ဖြစ်သည်။

အဆိုပါ Yangon Innovation Center အကောင်အထည်ဖော်နိုင်ရန်အတွက် ပထမအဆင့် တင်ဒါခေါ်ယူမှုများကို စတင်ပြုလုပ်မည်ဖြစ်ပြီး ပထမအဆင့်တွင် အော်ပရေတာတစ်ဦးတည်းကို ရွေးချယ်မည်ဖြစ်ကာ သုံးနှစ်စာချုပ်ဖြင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့်ပြုမည်ဖြစ်သည်။ တင်ဒါရွေးချယ်မှုများကို မတ်လအတွင်း လူတွေ့စစ်ဆေးခြင်း၊ ရွေးချယ်ခြင်းများပြုလုပ်ကာ ဧပြီလတွင် ရွေးချယ်ခံနည်းပညာကုမ္ပဏီနှင့် စာချုပ်လက်မှတ်ရေးထိုးသွားမည်ဟု သိရသည်။ ဆက်လက်၍ လက်ရှိကမ်းနားလမ်းသစ် ဆိပ်ကမ်းဝင်းအတွင်းရှိ အဆောက်အအုံတွင် ပြင်ဆင်ဆောင်ရွက်ခြင်းများ ပြုလုပ်ကာ လာမည့်စက်တင်ဘာလတွင် စတင်ဖွင့်လှစ်နိုင်ရန် ရည်မှန်းထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

"ပထမအဆင့်အနေနဲ့ ဒီနေရာမှာ အော်ပရေတာအနေနဲ့ တင်ဒါခေါ်မှာဖြစ်ပါတယ်၊ အော်ပရေတာက တစ်ဦးတည်းပဲ ပေးမှာဖြစ်ပါတယ်၊ သူတို့ ဘယ်လိုပုံစံတွေ လုပ်ရမယ်ဆိုတာကို Request for Proposal မှာ အသေးစိတ်ဖော်ပြထားပါတယ်၊ ဒီမှာ လာပြီးတော့ ရင်းနှီးမြှုပ်နှံမယ့် ငွေပမာဏ၊ သုံးနှစ်စာချုပ်ချုပ်ဆိုလုပ်ကိုင်မှာ ဖြစ်ပါတယ်၊ သူတို့ရဲ့ စွမ်းဆောင်ရည်တွေကို အမြဲတမ်း စောင့်ကြည့်လေ့လာမယ့် Management Team ရှိပါမယ်၊ အခုမှ လုပ်ငန်းတွေစလုပ်မယ့်သူတွေကို လာမယ့် သုံးနှစ်အတွင်းမှာ ဘယ်နှခုလောက်လုပ်ပေးနိုင်မလဲ၊ တက္ကသိုလ်က

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**

## နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်ထားသူများအနက် စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်ခြင်း ဆောင်ရွက်

စာမျက်နှာ » ၂

## အာရှတွင် အကြီးဆုံးဖြစ်သည့် အပြည်ပြည်ဆိုင်ရာ သိပ္ပံပညာနီးနှောဖလှယ်ပွဲကြီး မြန်မာနိုင်ငံတွင် ကျင်းပမည်

စာမျက်နှာ » ၁၀



## ကြေးမုံ

# လူမှုစီးပွား ပြုပြင်ပြောင်းလဲမှု

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ် ပြောင်းလဲပြင်ဆင်သတ်မှတ်ဆောင်ရွက်မည့်ကိစ္စကို ယမန်နှစ် အောက်တိုဘာလက ကျင်းပသော ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုခဲ့ပြီးနောက် ယခု ဇန်နဝါရီလ ၉ ရက်နေ့တွင် ကျင်းပသည့် အမျိုးသားစီမံကိန်းကော်မရှင်(၁/၂၀၁၈) အစည်းအဝေးနှင့် ဘဏ္ဍာရေးကော်မရှင်(၁/၂၀၁၈)အစည်းအဝေးတို့တွင် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ရမည့် အစီအမံများအား နိုင်ငံတော်သမ္မတက လမ်းညွှန်မှာကြားခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ကို ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်အထိ အစဉ်အဆက် သတ်မှတ်ဆောင်ရွက်ခဲ့ရာမှ ယခုလာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်ပြီး အောက်တိုဘာလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ ပြောင်းလဲပြင်ဆင်သတ်မှတ်လိုက်ခြင်းသည် အရပ်သားအစိုးရလက်ထက် ဘဏ္ဍာရေးဆိုင်ရာကဏ္ဍ၌ ထူးခြားသော ပြုပြင်ပြောင်းလဲမှုတစ်ခုဟု ဆိုရမည်ဖြစ်သည်။

ဘဏ္ဍာရေးနှစ် ပြောင်းလဲပြင်ဆင်သတ်မှတ်ရာတွင် လက်ရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်နှင့် ပြောင်းလဲကျင့်သုံးမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်သစ်တို့အကြား ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာကာလမှာ ကြားကာလဖြစ်သည်။ ထိုကြားကာလကို "ဘဏ္ဍာရေးနှစ် ပြောင်းလဲရေးကာလ"အဖြစ် သတ်မှတ်ပြီး ပေါင်းကူးဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို ဆောင်ရွက်သွားမည်ဟု သိရသည်။ ထိုကာလအတွင်း ဆောင်ရွက်မည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များနှင့် ဦးစားပေးအစီအစဉ်များအား ခြောက်လတာ အမျိုးသားစီမံကိန်းဥပဒေကြမ်းရေးဆွဲပြဋ္ဌာန်းပြီး အကောင်အထည်ဖော်ဆောင်ရွက်တော့မည် ဖြစ်သည်။

အဆိုပါ ဘဏ္ဍာရေးနှစ် ပြောင်းလဲပြင်ဆင်သတ်မှတ်ဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးနှစ်ပြောင်းလဲရေးကြားကာလသည် အလွန်အရေးကြီးသည်။ ခြောက်လတာ စီမံကိန်းရည်မှန်းချက်များသည် ပြည်သူအတွက် လတ်တလောဖြည့်ဆည်းပေးရမည့် အမှန်တကယ်လိုအပ်နေသည့် လုပ်ငန်းများနှင့် လာမည့်ဘဏ္ဍာရေးနှစ်သစ်အတွက် မလုပ်မဖြစ် ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုသာ ဦးစားပေးဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတက လမ်းညွှန်မှာကြားထားသည်။

ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းကို ကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲစနစ်၊ အုပ်ချုပ်မှုစနစ်ပြောင်းလဲခြင်းနှင့်အတူ စီမံကိန်းနှင့်ဘဏ္ဍာရေးလုပ်ငန်းများ ဆီလျော်ကိုက်ညီမှုမရှိသည်ကို တွေ့ရသည်။ ထို့အပြင် စီမံကိန်းလုပ်ငန်းများသာမက ပြည်သူများ၏ လူမှုစီးပွားဘဝများတွင်လည်း လိုအပ်ချက်များရှိနေသည်ကိုတွေ့ရသဖြင့် နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွားအတွက် ယခုကဲ့သို့ ပြုပြင်ပြောင်းလဲခြင်းကို အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ဘဏ္ဍာရေးနှစ်ကို ထိုသို့ပြောင်းလဲသတ်မှတ်လိုက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် မိုးရွာသွန်းမှုကြောင့် ဇွန်လမှ နိုဝင်ဘာလအထိ လုပ်ငန်းများကို ဆိုင်းငံ့ထားစရာမလိုတော့ဘဲ ပွင့်လင်းရာသီကာလတွင် လုပ်ငန်းများကို နှောင့်နှေးကြန့်ကြာမှုမရှိ လုပ်ကိုင်နိုင်မည့်အပြင် ဘတ်ဂျက်ပိတ်ချိန်နှင့် အများပြည်သူအားလပ်ရက်တို့ တိုက်ဆိုင်မှုမရှိတော့ဘဲ အလုပ်အကိုင်နှင့် ငွေကြေးစီးဆင်းမှု လွယ်ကူချောမွေ့သွားမည်ဖြစ်သည်။

ယခင်က ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်ကိုလု၍ လုပ်ငန်းများအား တွန်းလုပ်သဖြင့် အရည်အသွေးမမီခြင်း၊ လုပ်ငန်းများမပြီးခြင်း၊ နောင်နှစ်ဘတ်ဂျက်သို့ ကူးပြောင်းခြင်းများ လျော့နည်းသက်သာစေမည်ဖြစ်သည်။ ယခုကဲ့သို့ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ကို ပြုပြင်ပြောင်းလဲ ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတကာအလေ့အကျင့်များနှင့် တစ်သားတည်းဖြစ်စေခြင်း၊ မုတ်သုံရာသီအတွက် လုံလောက်စွာပြင်ဆင်နိုင်ခြင်း၊ စိုက်ပျိုးရေးကိန်းဂဏန်းများကို ပိုမိုအသုံးပြုနိုင်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ မုတ်သုံရှောင်နိုင်ခြင်း၊ ဘဏ္ဍာရေးလုပ်ငန်းများ အဆင်ပြေချောမွေ့လွယ်ကူလာခြင်းစသည့် အားသာချက်များ ရရှိလာမည်ဖြစ်သည်။

သို့ဖြစ်ရာ ဘဏ္ဍာရေးနှစ် အပြောင်းအလဲ ခြောက်လတာကာလမှာ အပြောင်းအလဲတစ်ခုအတွက် အရေးကြီးသော ခြေလှမ်းဖြစ်သဖြင့် ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းကို အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

# နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်ထားသူများအနက် စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်း အကဲဖြတ်ခြင်း ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ယမန်နေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်ထားသူများအနက် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်ခြင်း ဆောင်ရွက်သည့် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်ကျင့်သုံးဆောင်ရွက်နိုင်ရေးအတွက် အမြဲနေထိုင်ခွင့်လျှောက်ထားသူများနှင့် ပတ်သက်သည့် လိုအပ်ချက်များ၊ အမြဲနေထိုင်ခွင့်စနစ် တစ်ခုလုံးအတွက် လိုအပ်ချက်များကို တည်ဆဲဥပဒေများ၊ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီအောင် ကျယ်ကျယ်ပြန့်ပြန့် လေ့လာမှိုင်ငြမ်း ဆောင်ရွက်ခဲ့ကြောင်း၊ ကော်မတီအဆင့်ဆင့် ဖွဲ့စည်းခြင်း၊ နည်းဥပဒေထုတ်ပြန်ပြဋ္ဌာန်းခြင်းနှင့် ခေတ်စနစ်နှင့်အညီ လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် နည်းဥပဒေကို ပြင်ဆင်ထုတ်ပြန်ခြင်းများလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ပြင်ဆင်ပြဋ္ဌာန်းသည့် နည်းဥပဒေအရ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်အား ပြည်တွင်းမှသာမက ပြည်ပနိုင်ငံအသီးသီးရှိ မြန်မာသံရုံးများ၌ပါ လွယ်ကူအဆင်ပြေစွာ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း၊ လျှောက်ထားရန်သတ်မှတ်သည့် ကျွမ်းကျင်ပညာရှင်၊ ရင်းနှီးမြှုပ်နှံသူ၊ မြန်မာနိုင်ငံသားဟောင်းနှင့် ယင်းတို့နှင့် သွေးချင်းဆက်စပ်သူ နိုင်ငံခြားသားစသည့် အမျိုးအစား လေးမျိုးအား နိုင်ငံတော်၏ မူဝါဒများအရ စိစစ်ခွင့်ပြုပေးလျက်ရှိရာ စတင်ဆောင်ရွက်ချိန်မှ ယခုအထိ ၃၃၈ ဦးအား အမြဲနေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများ ထုတ်ပေးပြီးဖြစ်ကြောင်း၊ ထပ်မံလျှောက်ထားသူများအနက် ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအား ယခုလူတွေ့စိစစ်မေးမြန်း အကဲဖြတ်ဆောင်ရွက်ပေးကြရန်နှင့် ယင်းသို့ စိစစ်မေးမြန်းရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသား အကျိုးစီးပွား မထိခိုက်စေရေး လျှောက်ထားသူ နိုင်ငံခြားသားများ အဆင်ပြေစေရေးနှင့် သတ်မှတ်ချက်များနှင့်အညီ နေထိုင်ခွင့်ပြုနိုင်ရေးတို့အတွက် အလေးထားမေးမြန်း အကဲဖြတ်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းတာဝန်ခံက နိုင်ငံခြားသား အမြဲနေထိုင်ခွင့်လျှောက်ထားမှု အခြေအနေနှင့် လူတွေ့မေးမြန်း အကဲဖြတ်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးနှင့် ကော်မတီဝင်များသည် လူတွေ့အကဲဖြတ်ခံရမည့် နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်ထားသူများအား တစ်ဦးချင်း တွေ့ဆုံ၍ ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များ၊ ပြဋ္ဌာန်းထားသည့် နည်းဥပဒေများအပေါ် သိရှိလိုက်နာဆောင်ရွက်နိုင်ရေး အခြေအနေများကို မေးမြန်းဆွေးနွေးကာ အကဲဖြတ်အတည်ပြုဆုံးဖြတ်ကြသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်လုပ်ငန်း စတင်ဆောင်ရွက်သည့် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ ယခုအထိ စုစုပေါင်း ၄၄၅ ဦး အမြဲနေထိုင်ခွင့်လျှောက်ထားသည့်အနက် ၃၄၀ အား နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လက်မှတ်နှင့် ကတ်ပြားများ ထုတ်ပေးဆောင်ရွက်ပြီးဖြစ်သည်။

ယခုအခါ လျှောက်ထားသူများအနက် ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူ ၅၀ အား လူတွေ့မေးမြန်း အကဲဖြတ်အတည်ပြုဆောင်ရွက်မည်ဖြစ်ပြီး အတည်ပြုပြီးပါက အထက်အဆင့်ဆင့်သို့ တင်ပြ၍ နေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများ ထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## သွားနှင့်ခံတွင်း စောင့်ရှောက်မှုများ ဆောင်ရွက်

**ပခုက္ကူ ဇန်နဝါရီ ၁၀**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် စတုတ္ထနှစ် ဘီဒီအက်စ် (၁/၂၀၁၇) သင်တန်းအောင်မြင်ပြီးသော ကျောင်းသား ကျောင်းသူများ၊ အလုပ်သင်ဆရာဝန်များ ပါဝင်သောအဖွဲ့သည် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်း၌ သွားနှင့် ခံတွင်းစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် "ရန်ကုန်" စတုတ္ထနှစ် ဘီဒီအက်စ် (၁/၂၀၁၇) သင်တန်းအောင်မြင်ပြီးသော ကျောင်းသား ကျောင်းသူ ၁၅၀၊ အလုပ်သင်ဆရာဝန် ၃၀ နှင့် ဆရာ ဆရာမ ၂၀ စုစုပေါင်း ၂၀၀ ပါဝင်သောအဖွဲ့သည် ဇန်နဝါရီ ၃ ရက်မှ ၇ ရက်အထိ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းရှိ ပခုက္ကူမြို့နယ်၊ ရေစကြိုမြို့နယ်၊ ဆိပ်ဖြူမြို့နယ်နှင့် မြိုင်မြို့နယ်များသို့ သွားရောက်၍ ဒေသခံပြည်သူ ၃၁၄၁ ဦးအား ပညာပေးဟောပြောခဲ့ကြသည်။ ၃၅၈၁ ဦးအား သွားနှင့်ခံတွင်းစစ်တမ်းကောက်ယူခဲ့ကာ သွားနှင့် ခံတွင်းဝေဒနာရှင် ၂၁၄၀ တို့အား အခမဲ့ကုသမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## လယ်ဝေးမြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**လယ်ဝေး ဇန်နဝါရီ ၁၀**

လယ်ဝေးမြို့မရဲစခန်းမှ မူခင်းပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျောက်တစ်လုံးကျောင်းစုကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် လယ်ဝေးမြို့မရဲစခန်းမှူး ဒုရဲမှူးအောင်ဇေယျာလင်းက မူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းဖြစ်ပွားမှုမရှိစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှု ပပျောက်ရေးတို့ကိုလည်းကောင်း၊ နယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ် ထွန်းထွန်းနိုင်က ခိုးမှုမဖြစ်ပွားစေရေးတို့ကိုလည်းကောင်း အသိပညာပေး ဟောပြောရာ ကျေးရွာနေပြည်သူ ၈၅ ဦး တက်ရောက်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၁၀**

ရန်ကုန်(ရွှေဈေး) ၉၃၇၀၀၀ - ၉၃၇၀၀၀ မန္တလေး(ရွှေဈေး) ၉၃၇၀၀၀ - ၉၃၇၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၉၅/၈၁၅ ကျပ်၊ | ၈၅၀/၈၆၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၈၃၅/၈၄၅ ကျပ်၊ | ၉၂၀/၉၃၅ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၇၉၀/၈၀၀ ကျပ်၊ | ၈၈၀/၈၈၅ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၁၅/၈၃၀ ကျပ်၊ | ၈၇၅/၈၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၉၀/၇၉၇ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၀၀/၈၀၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၇၅/၇၉၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၄၉.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၀၉.၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၆.၆၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁.၈၁၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၃၆.၂၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၁၈၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၉၇.၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅.၉၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၄.၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၉.၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှသင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလဲ

themirror.npt@gmail.com
www.facebook.com/themirrordaily

❖ **နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့် H.E. Ms. Vanessa Chan Yuen Ying က နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ ၁၄ ယောက်မြောက် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ မစ္စ အာယိုယို အား လက်ခံတွေ့ဆုံစဉ်။**





# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း စင်ကာပူသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၀**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H. E. Ms. Vanessa Chan Yuen Ying အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-စင်ကာပူ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ် Gen. Koji YAMAZAKI က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ရခိုင်ပြည်နယ်အတွင်း ARSA အစွန်းရောက်အကြမ်းဖက်သမားများက ဒေသခံပြည်သူများအား အကြမ်းဖက်တိုက်ခိုက်ခဲ့မှုအပေါ် တပ်မတော်မှ ဖြေရှင်းဆောင်ရွက်မှု၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် တပ်မတော်မှ ဆောင်ရွက်နေမှု အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့် Mrs. Dorothee Janetzke-Wenzel အား ယနေ့မွန်းလွဲပိုင်းတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော်နှစ်ရပ်ပိုမိုနီးကပ်စွာ ဆက်ဆံနိုင်ရေး ဆောင်ရွက်မည့်အခြေအနေ၊ မြန်မာ့တပ်မတော်၏ စစ်မှုထမ်းခြင်းဆိုင်ရာကိစ္စရပ်များနှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ အမျိုးသမီးစစ်မှုထမ်းများ တာဝန်ထမ်းဆောင်နေမှု၊ လွှတ်တော်တွင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ တာဝန်ပေးအပ်ထားမှု၊ မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်မှ ဆောင်ရွက်နေမှု အခြေအနေများအား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



❍ **လူငယ်ကဏ္ဍမှ**

ကျောင်းသားတွေကို ဖိတ်ခေါ်ပြီးတော့ ပြိုင်ပွဲတွေကို ဘယ်လောက်လုပ်ပေးနိုင်မလဲ၊ နိုင်ငံတကာနဲ့ အာဆီယံနိုင်ငံတွေနဲ့ ဒီကို ဘယ်လောက်အထိ အကြိမ်အရေအတွက် ချိတ်ဆက်ပေးမလဲ၊ နည်းပညာကုမ္ပဏီပေါင်း ဘယ်နှခုကို ခေါ်သွင်းနိုင်မလဲ၊ အိုင်ဒီယာရှိတယ်၊ နည်းပညာကိုသိတယ်၊ ဒါပေမယ့် အရင်းအနှီးမရှိတော့ မလုပ်နိုင်ဘူးဆိုတဲ့ ကုမ္ပဏီလေးတွေကို ငွေကြေးအရင်းအနှီး ဘယ်လောက်အထိ လုပ်ပေးနိုင်မလဲ၊ ဒီဖရိန်တွေအပေါ်မှာ အော်ပရေတာတွေက တင်ရမှာဖြစ်ပါတယ်၊ ဒါတွေကို ယှဉ်လိုက်ပြီး ဘယ်အော်ပရေတာက တကယ်လုပ်နိုင်လဲဆိုတာ သူတို့ရဲ့ ပရိုဖိုင်တွေ၊ ဦးစီးပြီးလုပ်မယ့်သူတွေ၊ စီအီးအိုတွေကို နှိုင်းယှဉ်လေ့လာပြီး ရွေးချယ်မှာဖြစ်ပါတယ်” ဟု နော်ပန်းသဉ္ဇာမျိုးက ပြောသည်။

ဆက်လက်၍ ဒုတိယအဆင့်အနေဖြင့် ဒုတိယမြောက် အော်ပရေတာကို တင်ဒါဆက်လက်ခေါ်ယူသွားမည်ဖြစ်ပြီး အဆိုပါ စင်တာတည်ရှိသည့် ဧရိယာအတွင်း ထပ်မံအကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၉ နှစ်ကုန်ပိုင်းနှင့် ၂၀၂၀ နှစ်ဦးပိုင်းတွင် လူငယ်များနှင့် စည်ကား၍အချက်အချာကျသော နေရာတစ်ခုဖြစ်လာမည်ဟု ၎င်းကပြောသည်။

“ဒီနေရာကို ရွေးချယ်ရခြင်းကလည်း လူငယ်တွေသွားလာလို့ လွယ်မယ်၊ ဘတ်စ်တွေ၊ Water Bus တွေရှိမယ်၊ ပြည်သူလူထုက ကမ်းနားရဲ့အလှကို မြင်နိုင်မယ်၊ လူငယ်တွေ ဒီကိုလာမယ်၊ တွေးခေါ်နိုင်မယ်၊ စဉ်းစားနိုင်မယ်၊ သူတို့ရဲ့ အိုင်ဒီယာတွေကို အကောင်အထည်ဖော်မယ့် အခွင့်အရေးကို ချိတ်ဆက်မှာဖြစ်ပါတယ်”ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

လက်ရှိတွင် Yangon Innovation Center အကောင်အထည်ဖော်မည့် မြေနေရာသည် ဆိပ်ကမ်းအာဏာပိုင်၏ စီမံခန့်ခွဲမှုအောက်တွင် တည်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းကာ လက်မှတ်ရေးထိုးဆောင်ရွက်သွားမည်ဟု သိရသည်။ Yangon Innovation Center အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေးအတွက် ဝန်ကြီးဌာနတစ်ခုအောက်တွင် ဘတ်ဂျက်ရေးဆွဲသတ်မှတ်မှု၊ မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းနိုင်မှု၊ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများနှင့် ဆွေးနွေးမှု၊ လွှတ်တော်တွင် ဆွေးနွေးဆောင်ရွက်မှုများ ပြုလုပ်သွားရမည်ဖြစ်ကြောင်း သိရသည်။ **၀၀၁**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ်အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ် General Koji YAMAZAKI အား ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ညစာသုံးဆောင်နေစဉ်အတွင်း မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများ၊ အကပဒေသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ ထို့နောက် သီဆိုကပြဖျော်ဖြေကြသော ဖျော်ဖြေရေးအဖွဲ့မှ စစ်သည်၊ စစ်သမီးများအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကြသည်။

**သတင်းစဉ်**

## မူးယစ်ကင်းစင်ကျန်းမာမှ လူငယ်ဘဝ လွန်လှပ

# ဂျပန်နိုင်ငံသို့ ဒုံးခွင်းဒုံး ရောင်းချရေးအဆိုပြုချက် အမေရိကန်အစိုးရက ကွန်ဂရက်လွှတ်တော်ထံ အသိပေး

**ဝါရှင်တန် ဇန်နဝါရီ ၁၀**

ဂျပန်နိုင်ငံသို့ ပဲ့ထိန်းဒုံးတိုက်ဖျက်ရေး ဒုံးကျည်များ (ဒုံးခွင်ဒုံး) ရောင်းချရန် အဆိုပြုချက်သစ်နှင့် ပတ်သက်၍ အမေရိကန်အစိုးရအဖွဲ့က ကွန်ဂရက်လွှတ်တော်ထံ အသိပေးအကြောင်းကြားထားပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက ပြောကြားလိုက်သည်။

ဇန်နဝါရီ ၉ ရက်က ကိုရီးယားနှစ်နိုင်ငံ ဆွေးနွေးပွဲကျင်းပခြင်းနှင့်အတူ ကိုရီးယားကျွန်းဆွယ်၌ တင်းမာမှုများ အနည်းငယ်မျှ လျော့ပါးသွားချိန်တွင် ဒုံးခွင်းဒုံးရောင်းချရေးနှင့် ပတ်သက်၍ ယင်းအသိပေးချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

အမေရိကန်က ဂျပန်သို့ ရောင်းချပေးရန် အဆိုပြုထားသော ပဲ့ထိန်းဒုံးတိုက်ဖျက်ရေး ဒုံးကျည်စနစ်များမှာ အမေရိကန်ဒေါ်လာ ၁၃၃ ဒသမ ၃ သန်း တန်ဖိုးရှိသည်ဟု ခန့်မှန်းရကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက ဇန်နဝါရီ ၉ ရက်တွင် ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားတို့သည် နှစ်နှစ်ခန့်ကြာကာလအတွင်း ပထမဆုံးအကြိမ် အထက်တန်းတာဝန်ရှိသူအဆင့် ဆွေးနွေးပွဲကို ပြုလုပ်ခဲ့ကြသည်။ ကိုရီးယားကျွန်းဆွယ်၌ တင်းမာမှုလျှော့ချနိုင်ရေးအတွက် စစ်ဘက်ဆိုင်ရာဆွေးနွေးပွဲ ကျင်းပသွားရန် နှစ်နိုင်ငံတာဝန်ရှိသူများက သဘောတူညီခဲ့ကြသည်။

ဂျပန်ဝန်ကြီးအဖွဲ့သည် ဒီဇင်ဘာလနှောင်းပိုင်းက ၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်အတွက် ရသုံးမှန်းခြေငွေစာရင်း (ဘတ်ဂျက်)ကို အတည်ပြုပေးခဲ့ရာတွင် ကာကွယ်ရေးအသုံးစရိတ်ကို စံချိန်တင်ပမာဏအထိ တိုးမြှင့်ပေးထားသည်ဆို၏။



ဂျပန်နိုင်ငံ စစ်အင်အားတည်ဆောက်ခြင်းအား ကန့်သတ်ပိတ်ပင်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်ရေးအတွက် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ကြိုးပမ်းအားထုတ်နေချိန်တွင် နိုင်ငံတော်၏ ကာကွယ်ရေးအသုံးစရိတ်ကို မြှင့်တင်ခြင်းသည် ဒေသတည်ငြိမ်မှုကို ထိခိုက်စေနိုင်ပြီး လက်နက်ပြိုင်ပွဲတစ်ရပ် ဖြစ်ပေါ်လာစေနိုင်သည်ဟု နိုင်ငံရေးနှင့် စီးပွားရေးဆန်းစစ်သူများက ဝေဖန်ပြောကြားခဲ့ကြသည်။

**ဆင်ဟွာ**

# တောမီးများ လောင်ကျွမ်းခံရသည့် ကယ်လီဖိုးနီးယားပြည်နယ်၌ မြေပြိုမှုများဖြစ်ပွားမှုကြောင့် ၁၃ ဦးထက်မနည်း သေဆုံး

**လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၀**

လွန်ခဲ့သည့်လအတွင်းက ပြင်းထန်သည့် တောမီးလောင်ကျွမ်းမှုများဖြစ်ပွားခဲ့သည့် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်အတွင်းရှိ ပင်လယ်ကမ်းရိုးတန်းရှုခင်းအလှများ တည်ရှိရာ လူနေဒေသများတွင် ဇန်နဝါရီ ၉ ရက်က မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ ရေတိုက်စားခံရသည့် ကျောက်တုံးကြီးများ၊ ရွှံ့စေးမြေများနှင့် တန်ပေါင်းများစွာသော အကျိုးအပဲ့အပျက်အစီးများကြောင့် လူ ၁၃ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုမဖြစ်ပွားမီ ဇန်နဝါရီ ၉ ရက် နံနက် အရုဏ်တက်ပြီးချိန်တွင် လော့စ်အိန်ဂျလိစ်မြို့၏မြောက်ဘက် ပစိဖိတ်သမုဒ္ဒရာကမ်းရိုးတန်းတစ်လျှောက်ရှိ ဆန်တာဘာဘရာစီရင်စုအတွင်း နေထိုင်သည့် ဒေသခံများကို ၎င်းတို့၏ နေအိမ်များမှ စွန့်ခွာရန်နှင့် ဘေးကင်းရာနေရာများသို့ ရွှေ့ပြောင်းရန် ဒေသဆိုင်ရာ အာဏာပိုင်များက အမိန့်ထုတ်ပြန်ခဲ့သည်။ ဒေသခံများ ဘေးကင်းရာသို့ ရွှေ့ပြောင်းထွက်ခွာရခြင်းမှာ လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလနောက်ပိုင်း ဒုတိယအကြိမ်ဖြစ်သည်။

ယင်းအမိန့်ထုတ်ပြန်မှုကို ဒေသခံဦးရေ၏ ၁၀ မှ ၁၅ ရာခိုင်နှုန်းအထိသာလျှင် လိုက်နာဆောင်ရွက်ခဲ့ကြကြောင်း ဆန်တာဘာဘရာစီရင်စု မီးသတ်တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အမ်ဘာအန်ဒါဆင်က ပြောကြားသည်။



အရေးပေါ်ကယ်ဆယ်ရေးလုပ်သားများသည် အနံ့ခံခွေးများနှင့် ရဟတ်ယာဉ်များကို အသုံးပြု၍ လော့စ်အိန်ဂျလိစ်မြို့၏မြောက်ဘက် မိုင် ၁၁၀ အကွာ ပစိဖိတ်ကမ်းခြေတစ်လျှောက်နှင့် လော့စ်ပါဒရက်စ်အမျိုးသားသစ်တောကြားရှိ ရွှံ့မြေများနှင့် အမှိုက်သရိုက်များ ဖုံးလွှမ်းနေသည့်ဒေသ၌ ကယ်ဆယ်ရေးလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့သည်။

**ရိုက်တာ**

# ကိုရီးယားနှစ်နိုင်ငံ အဆင့်မြင့်အရာရှိကြီးများ တွေ့ဆုံ

**ဆိုးလ် ဇန်နဝါရီ ၁၀**

ဇန်နဝါရီ ၉ ရက်တွင် ကိုရီးယားနှစ်နိုင်ငံ အဆင့်မြင့်အရာရှိကြီးများ တွေ့ဆုံဆွေးနွေးခဲ့ရာ သဘောတူညီမှု သုံးရပ်ထွက်ပေါ်လာခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။



ကိုရီးယားနှစ်နိုင်ငံ စစ်မဲ့ဇုန်ရှိ ပန်မွန်ဂျုံရွာတွင် နှစ်နိုင်ငံအဆင့်မြင့်အရာရှိကြီးများက ၁၁ နာရီတိုင်တိုင် နှစ်နိုင်ငံအရေးကိစ္စများနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။

မြောက်ကိုရီးယား အားကစားသမားများ၊ အရာရှိကြီးများ၊ ဦးဆောင်အားပေးသူပရိသတ်များနှင့် သရုပ်ပြအဖွဲ့တို့အား တောင်ကိုရီးယားနိုင်ငံ ပြုံချမ်းသို့ ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲ ပါဝင်ဆင်နွှဲရန် စေလွှတ်မည်ဖြစ်ကြောင်း နှစ်နိုင်ငံပူးတွဲကြေညာချက်တွင် ပါရှိသည်။

ထို့ပြင် ကိုရီးယားနှစ်နိုင်ငံ တင်းမာမှုများ လျော့ကျစေရန် ရည်ရွယ်ပြီး ကာကွယ်ရေးဆိုင်ရာဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း နှစ်နိုင်ငံအဆင့်မြင့်အရာရှိကြီးများက သဘောတူညီခဲ့ကြသည်။

နှစ်နိုင်ငံအကြား ပဋိပက္ခများကို ဆွေးနွေးညှိနှိုင်းမှုဖြင့်သာ အဖြေရှာရန် နှစ်နိုင်ငံအရာရှိကြီးများက သဘောတူညီခဲ့ကြကြောင်း ပူးတွဲကြေညာချက်တွင် ပါရှိသည်။

ကိုရီးယားစစ်ပွဲကာလအတွင်း ကွဲကွာသွားခဲ့သည့် မိသားစုများအား ပြန်လည်ပေါင်းစည်းရေးအတွက် ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်ရန် တောင်ကိုရီးယား အရာရှိကြီးများက ပြောကြားခဲ့သည်။

မြောက်ကိုရီးယား ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ရီဆွန်ဂွန်က တောင်ကိုရီးယားနိုင်ငံအား အမေရိကန်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ရပ်တန့်သင့်ကြောင်း ပြောကြားခဲ့သည်။

နှစ်နိုင်ငံဆက်ဆံရေးတိုးတက်စေရန် ရည်ရွယ်သည့် နှစ်နိုင်ငံအဆင့်မြင့်အရာရှိကြီးများ တွေ့ဆုံဆွေးနွေးပွဲကို ကိုရီးယားနှစ်နိုင်ငံပေါင်းစည်းရေး ဝန်ကြီး ချိုမြောင်ဂွမ်က အဖွင့်စကားပြောကြားကာ စတင်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အိုလံပစ်ပြိုင်ပွဲဝင်မည့် တရုတ်အားကစားသမားများ တားမြစ်ဆေးမသုံးရေး ဥပဒေစည်းမျဉ်း တင်းကျပ်

**ပေကျင်း ဇန်နဝါရီ ၁၀**

တောင်ကိုရီးယားနိုင်ငံ ပြုံချမ်းမြို့၌ ဆောင်းရာသီအိုလံပစ်အားကစားပွဲတော် ကျင်းပရန် တစ်လမျှသာ လိုတော့ချိန်တွင် အားကစားသမားများ တားမြစ်ဆေးသုံးစွဲမှု မရှိစေရေးအတွက် တရုတ်အာဏာပိုင်များက လှုပ်ရှားမှုအစီအစဉ်တစ်ရပ်ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း ဆင်ဟွာသတင်းဌာနက ဇန်နဝါရီ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အိုလံပစ်အားကစားပြိုင်ပွဲဝင်မည့် တရုတ်အားကစားသမားများအား တားမြစ်ဆေး သုံးစွဲမှုရှိ၊ မရှိ ပုံမှန်စစ်ဆေးမှုပြုလုပ်ခြင်းအပြင် တားမြစ်ဆေးသုံးစွဲမှုကို လုံးဝခွင့်မလွှတ်နိုင်သော စည်းကမ်းဖောက်ဖျက်မှုအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း၊ တားမြစ်ဆေးသုံးစွဲမှု ထိန်းချုပ်ရေးဆိုင်ရာ ဥပဒေစည်းမျဉ်းများကို တင်းတင်းကျပ်ကျပ် လိုက်နာစေလျက်ရှိကြောင်း တရုတ်အားကစား အာဏာပိုင်များက ပြောကြားကြသည်။

တရုတ်နိုင်ငံ၌ ယမန်နှစ် စက်တင်ဘာလမှစ၍ အိုလံပစ်အားကစားပြိုင်ပွဲဝင် အသင်းများမှ အားကစားသမားများကို တားမြစ်ဆေးသုံးစွဲမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှု အကြိမ်ပေါင်း ၄၀၀ ကျော် ပြုလုပ်ခဲ့ကြောင်း၊ ပြီးခဲ့သည့် ဒီဇင်ဘာလ တစ်လတည်းမှာပင် အားကစားသမား ၂၀၀ ကျော်ကို စမ်းသပ်စစ်ဆေးခဲ့ကြောင်း ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော် ပြိုင်ပွဲဝင်ရေးဌာန၏ တားမြစ်ဆေးသုံးစွဲမှု တိုက်ဖျက်ရေးအဖွဲ့က ပြောကြားသည်။

တားမြစ်ဆေး သုံးစွဲမှု ရှိမရှိ စမ်းသပ်စစ်ဆေးသော နည်းလမ်းဖြင့် မိမိတို့ အရေးယူဆောင်ရွက်နေသကဲ့သို့ ကြိုတင်တားဆီးကာကွယ်ရေး အစီအစဉ်နှင့် အသိပညာပေးရေး အစီအစဉ်တို့ကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ တောင်တာနင်းက ပြောကြားသည်။

တရုတ်နိုင်ငံတွင် အားကစားသမားများအနေဖြင့် ၎င်းတို့ စွမ်းဆောင်ရည် မြင့်မားရေးအတွက် ဆေးဝါးသုံးစွဲခြင်း (တားမြစ်ဆေးသုံးစွဲခြင်း) မရှိစေရေးအတွက် တားမြစ်ဆေးတိုက်ဖျက်ရေး စစ်ဆေးရေးစနစ်တစ်ရပ်ကို အသုံးပြုလျက်ရှိသည် ဆို၏။

အားကစားသမားများနှင့် ၎င်းတို့၏ နည်းပြများသည် တားမြစ်ဆေးသုံးစွဲမှု တိုက်ဖျက်ရေးဆိုင်ရာ ဗဟုသုတများ ရရှိနိုင်စေရန် သင်တန်းများ တက်ရောက်ကြရပြီး နားလည်သိရှိမှုကို စစ်ဆေးတိုင်းတာသည့် ရေးဖြေစာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုကြရကြောင်း၊ ပညာပေးရေးအဆင့်မှ လွန်မြောက်၍ ဥပဒေစည်းမျဉ်း ချိုးဖောက်မှုရှိပါက အရေးယူအပြစ်ပေးလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

**ဆင်ဟွာ**

# မြန်မာနိုင်ငံ၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံခေါင်းဆောင်များထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့

**ပိုလန်သမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ပိုလန်သမ္မတနိုင်ငံ သမ္မတ မစ္စတာအန်ဒရစ်(ဂျ)ဒူဒါက ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပိုလန်သမ္မတနိုင်ငံသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား အရှေ့တောင်အာရှဒေသရှိ မိမိတို့၏ လုပ်ဖော်ကိုင်ဖက် နိုင်ငံအဖြစ် အမွန်အမြတ် အလေးထားပါကြောင်း၊ မြန်မာနိုင်ငံသည် အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးတို့ ဖြစ်ထွန်းပေါ်ပေါက်စေလျက် ခေတ်မီ တိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ်သို့ တည်ဆောက်နေခြင်းကို ထောက်ခံပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေ ရန်နှင့် မြန်မာပြည်သူတို့ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုတောင်း အပ်ပါသည်ဟု ဖော်ပြထားသည်။

အလားတူ ပိုလန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မာ့တယ်ဝုရ်ှ မောရာဗီယက်စကီးနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗီတိုလ် ဗက်ရှ်ထော့ ကော့ဖ်စကီးတို့ကလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံ ဝမ်းမြောက် ကြောင်း သဝဏ်လွှာများ ပေးပို့ကြသည်။

**ဘယ်လ်လာရုစ်သမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေး နေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ဘယ်လ်လာရုစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုထံမှ ဝမ်းမြောက် ကြောင်း သဝဏ်လွှာ ပေးပို့သည်။

မိမိတို့နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင် နိုင်မည်ဟု မိမိမျှော်လင့်ပါကြောင်း၊ ဘယ်လ်လာရုစ်-မြန်မာ ပူးပေါင်း ဆောင်ရွက်မှုပြုလုပ်နိုင်မည့် အလားအလာကောင်းများကို ရယူနိုင်ရေးအတွက် နှစ်နိုင်ငံကြိုးပမ်းသွားနိုင်မည်ဟု မိမိယုံကြည်ပါကြောင်း။

အဆွေတော်ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံ့အကျိုး သယ်ပိုးနိုင်စေရန် လည်းကောင်း၊ မြန်မာပြည်သူတို့ တိုးတက်ကြွယ်ဝစေရန် လည်းကောင်း ဆုတောင်းအပ်ပါသည်ဟု ဖော်ပြထားသည်။

အလားတူ သဝဏ်လွှာကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဘယ်လ်လာရုစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗလာဒီမီမာကီးက ပေးပို့သည်။

**ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ**

ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် မြန်မာနိုင်ငံ၏ နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့အတွက် ဘရာဇီးပြည်သူများကိုယ်စား လည်းကောင်း၊ မိမိ အနေဖြင့်လည်းကောင်း အဆွေတော်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက် ပါကြောင်းနှင့် မြန်မာပြည်သူများ ပျော်ရွှင်စွာဖြင့် ကြွယ်ဝတိုးတက်ပါစေကြောင်း ဆန္ဒပြုပါသည်ဟု ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုက်ကယ်လ်တီမာက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့ သည်။

ထို့အတူ ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အလိုရီစီရို နူးနပ်စ် ဖယ်ရိန်နာကလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

**ချက်သမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့တွင် အဆွေတော်နှင့် မြန်မာပြည်သူများအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ချက်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မီလော့စ် ဇီမန်းက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

မိမိတို့နှစ်နိုင်ငံကြား ချစ်ခင်ရင်းနှီးသော ဆက်ဆံရေးသည် နယ်ပယ် ကဏ္ဍအသီးသီးတွင် ဆက်လက်တိုးတက်နေမည်ဟု ယုံကြည်ပါကြောင်းနှင့် အနာဂတ်တွင် အဆွေတော်နှင့် မြန်မာပြည်သူများ အောင်မြင်မှုများ ရရှိပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ဖော်ပြထားသည်။

အလားတူ ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အန်ဒရေး ဘားဘစ်နှင့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာတင် စတော့ပ်နစ်စကီးတို့ကလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံ ဝမ်းမြောက် ကြောင်း သဝဏ်လွှာများ ပေးပို့ကြသည်။

**ဂျော်ဂျီယာနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် လှိုက်လှဲစွာ ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း ဂျော်ဂျီယာနိုင်ငံ သမ္မတ မစ္စတာ ဂျော်ဂျီမာခ် ဘဲလားရှီဗီလီက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

ယခုကဲ့သို့ လွတ်လပ်ရေးနေ့ အခါသမယတွင် မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးသော အပြန်အလှန်ဆက်ဆံရေး တိုးတက်နေမှုကို ဂျော်ဂျီယာနိုင်ငံက အလေးအနက်ထားပါသည်ဟု ထပ်လောင်းပြောကြား လိုပါကြောင်း၊ လာမည့်နှစ်များအတွင်း နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက် လာမည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်နှင့် မြန်မာပြည်သူများ ငြိမ်းချမ်းခြင်း၊ လုံခြုံခြင်းနှင့် သာယာဝပြောခြင်းတို့ ပြည့်စုံပါစေဟု ဆန္ဒပြုပါ ကြောင်း ဖော်ပြပါရှိသည်။ အလားတူ ဂျော်ဂျီယာနိုင်ငံ ဒုတိယဝန်ကြီးချုပ် နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မခါရယ် ဂျယ်နယ်လိုက်စ်ကလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

(ဆက်လက်ဖော်ပြပါမည်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝေမြင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝေမြင့်သည် ဦးအောင်ကိုမြင့် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်)၊ ဦးမြတ်သူဝင်း (အထွေထွေအတွင်းရေးမှူး)၊ ဒေါက်တာမျိုးမြတ်မောင် (တွဲဖက် အတွင်းရေးမှူး)၊ ဒေါ်အေးသဥ္ဇာမောင်(အလုပ်အမှုဆောင်)၊ i-school ၏ အစီအစဉ်မန်နေဂျာ ဦးရဲဝင်း၊ Myanmar Deaf Community Development Association ၏ အစီအစဉ်ဒါရိုက်တာ ဦးကျော်ကျော်တို့ ဦးဆောင်သော အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ တာဝန်ရှိသူများက မီဒီယာဖော်ပြမှုတွင် မိုးလေဝသသတင်း၊ အရေးပေါ်သတင်းနှင့် အရေးကြီးကဏ္ဍ တိုင်းတွင် လက်သင်္ကေတပြ ဘာသာစကား (Sign Language)နှင့် Crawl Bar ထည့်သွင်းပေးနိုင်ရေး၊ မျက်မမြင်လက်စမ်းစာ(Braille)ဖြင့် ဖတ်ရှုနိုင်သော သတင်းစာ စမ်းသပ်ထုတ်ဝေပေးနိုင်ရေး၊ မသန်စွမ်းသူများအတွက် Online Platform နှင့် အကူအညီပေးရေး Call Centre အကြောင်းကို ပြည်သူများ အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင် သံကြားတွင် အခမဲ့ထုတ်လွှင့်ပေးနိုင်ရေး၊ မသန်စွမ်းမှုဆိုင်ရာ သုတ၊ ရသ ဖြစ်ရပ်မှန်ဇာတ်လမ်းများကို TV Channel များတွင် ပိုမိုထုတ်လွှင့်ပေးရေး စသည်တို့ကို တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင် သံကြားနှင့် သတင်းစာများတွင် မသန်စွမ်းသူများအတွက် လက်ရှိထုတ်လွှင့် ဆောင်ရွက်ပေးလျက်ရှိသည့် အစီအစဉ်များနှင့် တိုးမြှင့်ဦးစားပေးထုတ်လွှင့် နိုင်မည့် အစီအစဉ်၊ မသန်စွမ်းသူများအသင်းချုပ်နှင့် ပူးပေါင်းဆောင်ရွက် သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ နှစ်ဖက်အပြန်အလှန် ဆွေးနွေး ခဲ့ကြသည်။

**သတင်းစဉ်**



# နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံမြားပစ်အသင်း အောင်မြင်မှုရရှိရေးဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၁၀**

မြန်မာ့အားကစားနည်းကို ရွှေတံဆိပ်ဆုရရှိအောင် ဆောင်ရွက် ခြင်းဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာ မြင့်တက်စေရမည် ဟူသော မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်၏ ဆောင်ပုဒ်နှင့်အညီ ၂၀၁၉ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် အကြိမ် (၃၀) မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အပြည်ပြည်ဆိုင်ရာမြားပစ်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေး အစည်း အဝေးကို ယမန်နေ့က ရန်ကုန်မြို့ ကျိုက္ကဆံမြားပစ်ကွင်းရှိ အဖွဲ့ချုပ်ရုံးတွင် ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် အာရှမြားပစ်အဖွဲ့ချုပ်ကောင်စီဝင် အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ် ရာသက်ပန် ဒုတိယ ဥက္ကဋ္ဌ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် နာယက ဒေါက်တာ ခင်ရွှေက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇေသီဟက မိတ်ဆက်စကား ပြောကြားခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးက ရွှေတံဆိပ်ဆုများ ရရှိရေး အတွက် နိုင်ငံခြားနည်းပြ ငှားရမ်းမည့် အစီအစဉ်များ၊ စခန်းဝင်လေ့ကျင့်နှင့် ထောက်ပံ့ဖြည့်ဆည်းရေးအစီအစဉ် များ၊ ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းအစီအမံများကို အသေးစိတ်ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကြသည်။

မြန်မာမြားပစ်အသင်းအနေဖြင့် ၂၀၁၅ ခုနှစ် (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုနှင့် ကင်းကွာခဲ့ပြီး ၂၀၁၇ ခုနှစ် (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ဆုသာ ရရှိခဲ့သည့်အတွက် ရှေ့လာမည့် ပြိုင်ပွဲများတွင် မြန်မာမြားပစ်အသင်း ပြန်လည်ဦးမော့ လာရေးအတွက် အဘက်ဘက်မှ အစွမ်းကုန် ပူးပေါင်း ဆောင်ရွက်သွားမှသာ ယခင်ရရှိခဲ့သည့် အစဉ်အလာ ကောင်း ရွှေတံဆိပ်ဆုများကို ပြန်လည်ရရှိနိုင်မည် ဖြစ် ကြောင်း ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# အနုပညာမပါသော ပညာရေးသည် ဘက်စုံပညာရေးမဟုတ်

ဝင်းပ



ပညာမင်းကြီး ဦးကောင်း



ပန်းချီ ဦးစံဝင်း

မြန်မာနိုင်ငံရှိ စာသင်ကျောင်းများတွင် ပုံဆွဲပညာသင်ကြားရေးအစီအစဉ်သည် အင်္ဂလိပ်အစိုးရလက်ထက်ကပင် ရှိနေခဲ့ပါသည်။ ကျောင်းသားလူငယ်များကို အခြေခံပညာများ ဆည်းပူးနေစဉ် ပုံဆွဲပညာကို ပူးတွဲသင်ပေးခြင်းဖြင့် အကျိုးရလဒ်ကောင်းများရှိသည်ကို သဘောပေါက်ခဲ့ကြ၍ ဖြစ်ပါသည်။ ထိုစဉ်က ကျောင်းများတွင် ပုံဆွဲပညာသင်ကြားပေးခြင်းသည် ပန်းချီဆရာတစ်ယောက်ဖြစ်ရန်မဟုတ်။ ပုံဆွဲပညာသင်ကြားပေးခြင်း၏ အဓိကရည်ရွယ်ချက်မှာ ကိုယ့်အားကိုယ်ကိုးလိုစိတ်များ မွေးဖွားပေးရန်၊ စိတ်ကူးစိတ်သန်းကောင်းမွန်စေရန်၊ တီထွင်ဖန်တီးလိုစိတ်များ ပွားများစေရန်၊ မှတ်ဉာဏ်ကောင်းစေရန်၊ အလှအပကို မြတ်နိုးစေခြင်းဖြင့် အဖျက်အဆီးစိတ်ဓာတ်နည်းပါးစေရန်နှင့် ပန်းချီပုံဆွဲ ပညာသင်ပေးခြင်းဖြင့် အခြားကျောင်းသင်ဘာသာရပ်များကို အထောက်အကူပြုစေရန်၊ ဗီဇရှိသူများ အသက်မွေးဝမ်းကျောင်းပညာရှိစေရန် ဟူသော ရည်ရွယ်ချက်များထားရှိပါသည်။

ထိုစဉ်က ကျောင်းသင်ပန်းချီ ပုံဆွဲပညာသင်ကြားရေးကိစ္စများ ဆောင်ရွက်နိုင်ရန် အင်္ဂလိပ်ကပြား "မစ္စတာတင်ထွန်းဝါဒ်" ဆိုသူကို ပုံဆွဲပညာနှင့် လက်မှုပညာဝန်ထောက်ဖြစ် ခန့်ထားခဲ့သည်။ နောင်တွင် ပုံဆွဲနှင့် လက်မှုပညာကိုခွဲကာ ပညာအုပ်တစ်ယောက်စီ ခန့်ထားခဲ့သည်။ ပုံဆွဲပညာအုပ်အဖြစ် အိန္ဒိယနိုင်ငံ မဒရပ်မြို့မှ ပုံဆွဲဆရာ "တီအေစင်ကာရာ" ဆိုသူအား ပုံဆွဲပညာအုပ်အဖြစ် သီးခြားခန့်ထားခဲ့သည်။ ကျောင်းများတွင် ပုံဆွဲဆရာများခန့်ထားရန် သတ္တမတန်းအောင်သူများကို ပုံဆွဲပညာသင်ကြားရေးသင်တန်းများ ဖွင့်လှစ်ပေးသည်။ သင်တန်းအောင်သူများကို အစိုးရကျောင်းများ၌ ပုံဆွဲဆရာအဖြစ် ခန့်အပ်သည်။ ထိုစဉ်က ပုံဆွဲဆရာတစ်ဦးလစာမှာ ကျပ် ၄၀ ဖြစ်သည်။

ထိုအချိန် ၁၉၃၁ ခုနှစ် လွန်နှစ်များအတွင်းက ဆရာဦးစံဝင်းသည် တက္ကသိုလ်ကျောင်းသားဘဝ လွန်မြောက်၍ ရန်ကုန်ဆရာဖြစ်သင်ကောလိပ်တွင် ပန်းချီကထိကအဖြစ် တာဝန်ထမ်းဆောင်နေသော ဆရာဦးဘဇော်အနားယူသောနေရာတွင် တာဝန်ယူနေချိန်ဖြစ်သည်။ ထိုအချိန်မှာပင် ပန်းချီပညာအုပ် "တီအေစင်ကာရာ" ပင်စင်ယူသော် ဆရာဦးစံဝင်းကို ပန်းချီပညာအုပ်အဖြစ် ခန့်အပ်ခဲ့ပြန်သည်။ ဤအချိန်မှစ၍ ကျောင်းသင်ပန်းချီပညာနှင့် ဆရာကြီးဦးစံဝင်းတို့မှာ ခွဲမရတော့ဘဲ သက်ပြည့်ပင်စင်ယူသည့် ၁၉၆၃ ခုနှစ်အထိ ဆရာဦးစံဝင်းသည် ကျောင်းသင် ပန်းချီလောကဖွံ့ဖြိုးတိုးတက်ရေးကို တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို သတိထားမိပါသည်။

ဆရာဦးစံဝင်းသည် တစ်ဖက်က မြန်မာပန်းချီလောက၏ ထိပ်တန်းပန်းချီဆရာကြီးတစ်ဦးအဖြစ် ရပ်တည်နိုင်သကဲ့သို့ တစ်ချိန်တည်းမှာပင် ကျောင်းသင်ပန်းချီ(သို့မဟုတ်) ကလေးပန်းချီဖွံ့ဖြိုးရေးအတွက် ထူးထူးခြားခြား ကြိုးပမ်းအားထုတ်နိုင်သည်ကို တွေ့ရရာ ဆရာဦးစံဝင်း၏ သူမတူသော အရည်အချင်းကောင်းတစ်ခုအဖြစ် မြင်တွေ့ရပါသည်။

ထို့ကြောင့်အင်္ဂလိပ်အစိုးရက ဆရာကြီးဦးစံဝင်း၏ အရည်အချင်းကိုသိ၍ ပန်းချီပညာအုပ်အဖြစ် ခန့်ထားတာဝန်ယူနေစဉ်မှာပင် ၁၉၃၉ ခုနှစ် မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်လှစ်သော ခေတ်ကြိုပန်းချီနှင့် တူရိယာကျောင်း ဖွင့်လှစ်သောအခါ ပန်းချီပညာအုပ်ဆရာဦးစံဝင်းကို ကျောင်းအုပ်အဖြစ် ပူးတွဲထမ်းဆောင်စေခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံအစိုးရကျောင်းများတွင် ပုံဆွဲပညာကို သင်ကြားရေးကိစ္စအတွက် ဆရာဦးစံဝင်းကို လမ်းညွှန်ကူညီသော ပုဂ္ဂိုလ်ကြီးတစ်ဦးရှိပါသည်။ ကိုယ်တိုင်လည်း အပျော်တမ်းပန်းချီဆရာဖြစ်ပြီး ကျောင်းသင်ပုံဆွဲပညာကို စိတ်ပါဝင်စားသူ ပညာမင်းကြီး ဦးကောင်း (ဆရာကြီးဒေါက်တာသော်ကောင်း၏ဖခင်) ဖြစ်ပါသည်။ ဦးကောင်းသည် ရန်ကုန်မြို့ စိန့်ပေါလ်ကျောင်းတွင် ပညာသင်ပြီး အင်္ဂလန်သို့သွားရောက်ကာ အသက် ၁၇ နှစ်အရွယ်တွင် လန်ဒန်မက်ထရစ် စာမေးပွဲကို ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သည်။ ၁၉၂၆ ခုနှစ်တွင် လန်ဒန်ယူနီဗာစီတီ ဘုရင့်ကောလိပ်၌ ပညာဆည်းပူးခဲ့သည်။ ဝါသနာအရ ပန်းချီပညာကိုလည်း ဆည်းပူးခဲ့သည်။ သင်ကြားရေးဒီပလိုမာဘွဲ့နှင့် မဟာဝိဇ္ဇာ(ပညာရေး) ဘွဲ့တို့ကို ဆွတ်ခူးခဲ့ရာ ဥရောပ ပညာရေးစနစ်ကို အထူးလေ့လာခဲ့သူဖြစ်သည်။ စာသင်ကျောင်းများတွင် ပုံဆွဲပန်းချီပညာ သင်ကြားပေးခြင်းဖြင့် ဥရောပနိုင်ငံကြီးများ၌ စက်မှုထွန်းကားခြင်း၏ အကြောင်းတစ်ရပ်ဖြစ်ကြောင်း သိရှိလေ့လာခဲ့သူဖြစ်သည်။ ထို့ကြောင့် ဆရာကြီးဦးကောင်းသည် မိမိပညာရေးဝန်ထမ်းတာဝန်ယူသည့်အခါ ကျောင်းများတွင် ပုံဆွဲပညာသင်ကြားခွင့်ရရေး ဆောင်ရွက်မယ်ဟု သန္နိဋ္ဌာန်ချထားခဲ့သူဖြစ်သည်။

ပညာမင်းကြီးဦးကောင်းသည် မြန်မာနိုင်ငံလွတ်လပ်ရေးခေတ်၌ ကျောင်းများတွင် ပုံဆွဲပညာသင်ကြားရန် ပန်းချီဆရာကြီးဦးစံဝင်းနှင့်တိုင်ပင်ပြီး အကောင်အထည်ဖော်နိုင်ခဲ့သည်။ ပညာမင်းကြီး ဦးကောင်းသည် (၁၉၅၁-၅၂) ခုနှစ်များအတွင်း ကျောင်းသင်ပန်းချီပညာသင်ကြားရေးအတွက် ကိုယ်တိုင် အင်္ဂလန်၊ အမေရိကန်၊ ကနေဒါ၊ မက္ကဆီကို နိုင်ငံများသို့ သွားရောက်လေ့လာသည်။ ဤသို့လေ့လာရေးခရီးမှ အတွေ့အကြုံတို့ကို သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနသို့ တင်ပြအစီရင်ခံခဲ့သည်။ ဆရာကြီး၏ အစီရင်ခံစာထဲတွင် ကမ္ဘာပေါ်၌အနုပညာဖွံ့ဖြိုးတိုးတက်သော နိုင်ငံကြီးများသည် စက်မှုလုပ်ငန်းများပါ ကျွဲကူးရေပါပမာ တိုးတက်လာသည်မှာ အထင်အရှားဖြစ်ကြောင်း၊ တိုးတက်လာသည့်စက်မှုကိုအခြေခံ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းကြီးများသည် ဆည်မြောင်းတာတမံလုပ်ငန်းကြီးများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးများ၊ မြို့ရွာတည်ဆောက်မှုလုပ်ငန်းကြီးများ စသည်တို့ တိုးတက်ဖွံ့ဖြိုးနေကြသည်ကို တွေ့မြင်ခဲ့ရကြောင်း၊ အာရှတိုက်မှ ဂျပန်နိုင်ငံ ပုံဆွဲပညာကို ခံစားစေ၍ လူမှုပတ်ဝန်းကျင်နှင့် တစ်ဆက်တည်းဖြစ်အောင် ပျိုးထောင်လျက်ရှိကြကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ စာသင်ကျောင်းများတွင်လည်း စမ်းသပ်သင်ကြားပေးသင့်ကြောင်း၊ ကမ္ဘာ့နိုင်ငံကြီးများတွင် "အနုပညာမပါသော ပညာရေးသည် ဘက်စုံပညာရေးမဟုတ်" (No Education is Complete without Art) ဟူသော ဆောင်ပုဒ်ကို လက်စွဲပြုထားကြောင်းဖြင့် ထည့်သွင်းအစီရင်ခံတင်ပြခဲ့ပါသည်။

သက်ဆိုင်ရာသို့တင်ပြပြီးနောက် ဆရာကြီးဦးစံဝင်းနှင့် အတူ ညှိနှိုင်းတိုင်ပင်ပြီး ကျောင်းဆရာ ဆရာမမွေးထုတ်ပေးသည့် ဆရာအတတ်သင်သိပ္ပံတွင် "အထူးပုံဆွဲပန်းချီသင်တန်း"များ ပို့ချပေးနိုင်ပါရန် အားထုတ်ခဲ့ပါသည်။ ဆရာဦးစံဝင်းအား ဆရာအတတ်သင်သိပ္ပံများ၌ သင်ကြားပို့ချနိုင်သည့် သင်ရိုးညွှန်းတမ်းများ ရေးဆွဲစေပါသည်။

အစိုးရကျောင်းများမှ ကလေးသူငယ်များနှင့် သင့်လျော်မည့် ပန်းချီသုံးဆေးပစ္စည်းများကို ပညာမင်းကြီးဦးကောင်းကိုယ်တိုင် ဆရာဦးစံဝင်းနှင့် တိုင်ပင်၍ မှာယူတင်သွင်းစေခဲ့သည်။ ဆရာအတတ်သင်သိပ္ပံကျောင်းများ၌ ပန်းချီအထူးပြုယူသူများ၊ သင်တန်းတက်သည့် အခါ ကျောင်းများတွင် ပုံဆွဲဆရာအဖြစ်ခန့်အပ်ပေးခဲ့သည်။ အင်္ဂလိပ်ခေတ်က ပုံဆွဲဆရာ အခေါ်အဝေါ်ကိုလည်း ခေတ်နှင့်လိုက်အောင် ပုံဆွဲဆရာ (Drawing Master) အသုံးအနှုန်းမှ ပန်းချီအနုပညာဆရာ (Art Master) အသုံးအနှုန်းသို့ ပြောင်းလဲခေါ်ဝေါ်ရန် ဆရာဦးစံဝင်းက အကြံဉာဏ်ပေးခဲ့ရာ ပညာမင်းကြီးကောင်းက အဆင့်ဆင့် သက်ဆိုင်ရာသို့တင်ပြပြီးမှ သဘောတူခဲ့သည်။

ထိုအချိန်မှစ၍ ပညာမင်းကြီးဦးကောင်း၏လမ်းညွှန်မှုဖြင့် ဆရာကြီးဦးစံဝင်းက အကောင်အထည်ဖော်ခဲ့ရာ ကျောင်းသင်ပန်းချီပညာ တိုးတက်လာသည်။ ၁၉၅၃ ခုနှစ်မှစ၍ နိုင်ငံပေါင်း ၄၀ ကျော်ပါဝင်သော ကလေးပန်းချီပြိုင်ပွဲသို့ မြန်မာနိုင်ငံကျောင်းပေါင်းစုံမှ ကလေးများ ဝင်ရောက်ယှဉ်ပြိုင်ရာ မြန်မာကလေးများ ဆုကြီး ငါးဆုရရှိခဲ့သည်။ နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့ကလေးပန်းချီပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ နိုင်ငံ့ဂုဏ်ဆောင် ကျောင်းသားကျောင်းသူလေးများ ပေါ်ထွက်ခဲ့သည်။ နှစ်စဉ်ဆုများ ရရှိခဲ့သည်။ အိန္ဒိယနိုင်ငံ ရှန်ကာကလေးပန်းချီပြိုင်ပွဲ၊ တောင်ကိုရီးယားနိုင်ငံ ကလေးပန်းချီပြိုင်ပွဲ၊ ဂျပန်နိုင်ငံ၊ ချက်ကိုစလိုဗက်ကီးယား၊ ဆိုဗီယက်ပြည်ထောင်စုနှင့် အီတလီနိုင်ငံ၊ ဖင်လန်နိုင်ငံ၊ ဟန်ဂေရီနိုင်ငံ ကလေးပန်းချီပြိုင်ပွဲများသို့ နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်ရာ မြန်မာကျောင်းသားလူငယ်များက ဆုများ၊ ဂုဏ်ထူးဆောင်ဆုများ ရရှိကြသည်။

မြန်မာနိုင်ငံ ကျောင်းပေါင်းစုံပန်းချီပြိုင်ပွဲများကိုလည်း နှစ်စဉ်ပညာတံခွန်နေ့တွင် ကျင်းပပေးခဲ့သည်။ ပညာမင်းကြီးဦးကောင်းနှင့် ဆရာကြီး ဦးစံဝင်းတို့၏ အားထုတ်မှုဖြင့် ထိုစဉ်က တက္ကသိုလ်ဝင်စာမေးပွဲတွင် ပန်းချီပညာကို အပိုဘာသာအဖြစ် ဖြေဆိုခွင့်ရခဲ့သည်။ ၁၉၅၈ ခုနှစ် စာရေးသူက တက္ကသိုလ်စာမေးပွဲဖြေဆိုခဲ့ရာ "ပန်းချီအပိုဘာသာ"ယူ၍ ဖြေဆိုအောင်မြင်ခဲ့သည်။

သို့သော် ၁၉၅၉ ခုနှစ်တွင် ကျောင်းသင်ပန်းချီဘာသာနှင့် ကာယပညာဘာသာကို ဖြုတ်ပစ်ခဲ့သည်။ ပန်းချီပုံဆွဲသင်ဆရာများကို အတန်းပြဆရာများအဖြစ် ပြောင်းလဲလိုက်သည်။ ပန်းချီဘာသာကိုသာ ကျွမ်းကျင်သော ပန်းချီဆရာများသည် အခြားဘာသာရပ်ကို မသင်ကြားလို၍ နုတ်ထွက်ခဲ့ကြသည်။ ထိုအချိန်မှစ၍ ကျောင်းများတွင် ပန်းချီဆရာများ ခန့်ထားခြင်းမရှိတော့ပါ။

သို့သော်လည်း ၁၉၆၀ ပြည့်လွန်နှစ်များကစ၍ နိုင်ငံတော်နေ့ကြီး၊ ရက်ကြီးများ၊ ဥပမာ- မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ စသည့်ပန်းချီပြိုင်ပွဲများ ကျင်းပလာရာ အချို့ရန်ပုံငွေတောင့်တင်းသော ကျောင်းများက ပန်းချီဆရာများခေါ်ယူခန့်ထားပြီး ကလေးပန်းချီပြိုင်ပွဲဆုများ ရရှိရန် ကြိုးပမ်းခဲ့ကြသည်။

ထိုစဉ်ပန်းချီပညာရပ်၊ ထိုမှပန်းချီပညာဝန်ထောက်ရာထူး အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီးဦးစံဝင်းသည် ကျောင်းသင်ပန်းချီဘာသာရပ်ကို ဖြုတ်လိုက်သည်ကို စိတ်မချမ်းမသာဖြစ်ခဲ့ရပါသည်။ မိမိပျိုးထောင်ခဲ့သော ကျောင်းသင်ပန်းချီပညာအရှိန်ရလာနေချိန်ဖြစ်၍ စိတ်ထိခိုက်ခဲ့ရသည်။ တိုင်းနှင့်ပြည်နယ် ရှစ်ခုတွင် ပန်းချီပညာအုပ်များခန့်ထားပြီး ကျောင်းသားပန်းချီဆရာများကိုလည်း ခေတ်မီပန်းချီဆရာ သင်ကြားရေးနည်းစနစ်များ လေ့ကျင့်ပေးနေစဉ် လှေပြေးတုန်းတက်ကျိုးရသည့်အဖြစ်ကို ယူကျုံးမရဖြစ်ခဲ့ကြောင်း ဆရာဦးစံဝင်းကိုယ်တိုင် စာရေးသူကို ရင်ဖွင့်ဖူးပါသည်။

ထိုစဉ်က ပန်းချီပညာအုပ်များရှိရာ ဦးခင်လှိုင် (မန္တလေးတိုင်း ပန်းချီပညာအုပ်)၊ ဦးတင်ထွန်း (မကွေးတိုင်း ပန်းချီပညာအုပ်)၊ ဦးထွန်းညွန့် ပဲခူးတိုင်း ပန်းချီပညာအုပ် (နောင်ပန်းချီပညာ့ဝန်ထောက်)၊ ဦးသိန်း (စစ်ကိုင်းတိုင်း ပန်းချီပညာအုပ်)၊ ဦးဉာဏ်ရှိန် (ညိုဝင်းရှိန်) ရန်ကုန်တိုင်း ပညာအုပ်၊ ဦးဘသာ (ဧရာဝတီတိုင်း ပန်းချီပညာအုပ်) စသည့်ပန်းချီဆရာများ တာဝန်ယူခဲ့ကြပါသည်။

ကျောင်းသင်ပန်းချီသင်ကြားရေး မရှိသည့်နောက် ထိုရာထူးများလည်း ပျောက်ကုန်ပါသည်။ ယခုမျက်မှောက်ကာလ နေ့ကြီး၊ ရက်ကြီးများအထိမ်းအမှတ် ကလေးပန်းချီ ပြိုင်ပွဲများကျင်းပနေရာ ပြင်ပပန်းချီကျူရှင်ဆရာများထံ သင်တန်းတက်၍ ဥပမာ- မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ပြိုင်ပွဲဆိုပါက အဆိုပါပန်းချီကျူရှင်ဆရာ ပုံထုတ်ပေးသော ပန်းချီပုံကို အလွတ်ကျက်ကူးဆွဲပြီး ဝင်ပြိုင်နေကြသည်ကို တွေ့နေရပါသည်။ ထိုအခါ ကလေးများ၏ တီထွင်ဉာဏ်ရင့်သန်စေရန်ဟူသော ကျောင်းသင်ပန်းချီ၏ မူလရည်မှန်းချက်များ ပျောက်ရပါသည်။ ဆရာမိဘအသင်း ရန်ပုံငွေတောင့်တင်းသော ကျောင်းကြီးအချို့မှာတော့ ပန်းချီဆရာများခန့်ထားပြီး သင်ပေးနေကြပါသည်။

အနုပညာမပါသော ပညာရေးသည် ဘက်စုံပညာရေး မဟုတ် (No Education is Complete without Art) ဟူသော ပညာမင်းကြီးဦးကောင်း၊ ပညာမင်းကြီးဦးဘ၊ ပညာမင်းကြီးဦးဘိုးထိုနှင့် ပန်းချီ ပညာဝန်ထောက် ပန်းချီဆရာကြီးဦးစံဝင်းတို့၏ဆောင်ပုဒ်ကို နောင်မကြာမီ အပြည့်အဝအကောင်အထည် ဖော်နိုင်ပါစေဟု ဆန္ဒပြုမိပါသည်။ ယခုအခါ အခြေခံပညာဦးစီးဌာနက ကျောင်းများတွင် ပန်းချီပညာသင်ကြားရေးကိစ္စ သင်ရိုးညွှန်းတမ်းများရေးဆွဲနေရာ မူလတန်းပန်းချီ ပုံဆွဲပညာသင်ကြားရေး ဆရာကိုင်စာအုပ်များရိုက်နှိပ်ပြီးဖြစ်သည်ဟု သိရပါသည်။ ကျွန်တော်နမူနာကြည့်ခွင့် လေ့လာခွင့်ရရာ ပန်းချီကျောင်းအုပ်(ငြိမ်း) ဦးအောင်စည်သူလှိုင် (ကန်ဘဲ့ ပညာရေးကောလိပ်ပန်းချီကထိက) များ ရေးဆွဲထားခြင်းဖြစ်ရာ အထူးဝေဖန်စရာ မတွေ့ပါ။

သို့သော် ပညာရေးကောလိပ်များတွင်ပန်းချီအထူးပြု ဘာသာရပ်ဟူ၍ ပို့ချမှုမရှိသေးပါ။ သာမန်အတန်းပြဆရာများကိုသာ မွေးထုတ်၍ ပန်းချီပုံဆွဲဘာသာရပ်ကို ဗဟုသုတ အလို့ငှာ သင်ကြားပေးနိုင်သည့် အဆင့်မှာသာ ရှိပါသေးသည်။ ထိုဆရာများအလုပ်ခွင်သို့ ရောက်သောအခါ ယခုဖြန့်ဝေထားသော ပန်းချီပုံဆွဲဘာသာ ဆရာကိုင် စာအုပ်များကိုကိုင်ပြီး သင်ပြနိုင်ဖို့မလွယ်ကူလှ။ ကိုယ်တတ်သလို၊ ကိုယ်သင်ချင်သလို သင်ကြမည့် တာဝန်တစ်ခုလို သင်ကြားသည့် ခပ်ပေါ့ပေါ့အဆင့်သို့ မရောက်စေလိုပါ။

သို့ပါ၍ ယခင်ခေတ်ကကဲ့သို့ ပညာရေးကောလိပ်များတွင် ပန်းချီအထူးပြုဘာသာယူခွင့်ပြုပြီး ပန်းချီဆရာများကို မွေးထုတ်သင့်ပါသည်။ တစ်ချိန်တည်းမှာပင် ပညာရေးကောလိပ်က ပန်းချီကထိက ဆရာ ဆရာမများကိုပင် တတ်သိကျွမ်းကျင်သော ပန်းချီပညာရှင်များကို ပင့်ဖိတ်၍ ဉာဏ်သစ်လောင်းသင်တန်းများ ပေးရလိမ့်ဦးမည်ဟု ထင်မြင်ယူဆပါကြောင်း အကြံပြု ရေးသားလိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် နယ်စပ်ဒေသ တိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များအား တွေ့ဆုံနှုတ်ဆက်





**နေပြည်တော် ဇန်နဝါရီ ၁၀**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်နှင့် ပူတာအိုမြို့နယ်တို့မှ ဂျိမ်းဖောနှင့် ရဝမ်တိုင်းရင်းသား တိုင်းရင်းသူများ၊ ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့် ရှင်းလက်ဝဒေသတို့မှ ချင်းတိုင်းရင်းသား တိုင်းရင်းသူများ၊ ‘ဝ’ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်မှ ရှမ်း၊ ‘ဝ’နှင့် လားဟူတိုင်းရင်းသား တိုင်းရင်းသူများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံး၊ ပင်လောင်း၊ ဆီဆိုင်မြို့နယ်တို့မှ ပအိုဝ်းတိုင်းရင်းသား တိုင်းရင်းသူများ ပါဝင်သော လေ့လာရေးအဖွဲ့အား ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး စုပေါင်းခန်းမ၌ တွေ့ဆုံနှုတ်ဆက်သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား လေ့လာရေးအဖွဲ့ဝင်များအား နှစ်စဉ်ခေါ်ယူ၍ လေ့လာရေး ခရီးစဉ်များ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမိနိုင်ငံတော်ကြီးအတွင်း တစ်အူထုံ့ဆင်း ညီရင်းအစ်ကို မောင်ရင်းနှမများပမာ ဥမကွဲ သိုက်မပျက် စည်းလုံးညီညွတ်စွာ အတူတကွ နေထိုင်လာခဲ့ကြသည့် “မြန်မာ”တည်းဟူသော တိုင်းရင်းသားများဖြစ်ကြသည့်အတွက် မြန်မာစိတ်ဓာတ်ကိုအခြေခံ၍ ကောင်းမွန်မှန်ကန်သော ခံယူချက်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်များ ရှင်သန်ခိုင်မာလာစေရန်၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင် လေ့လာတွေ့ရှိပြီး လေ့လာရေးခရီးစဉ်မှ ရရှိသည့် အတွေ့အကြုံကောင်းများကို မိမိတို့ရပ်ရွာဒေသ ဖွံ့ဖြိုးရေးအတွက် ထိရောက်စွာ ပြန်လည်အသုံးချနိုင်ရန် ဖြစ်ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးသည် အမျိုးသားနိုင်ငံရေး၏ အဓိကအချက်ဖြစ်ကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဝေးလံခေါင်သီပြီး ဆက်သွယ်သွားလာရန် ခက်ခဲသည့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် နှစ် ၃၀ နှစ်ရှည်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မူဝါဒလေးရပ်၊ ရည်မှန်းချက်ခုနစ်ချက်၊ လုပ်ငန်းစဉ် ၁၈ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကိုလည်း နိုင်ငံတော်၏ ဘဏ္ဍာငွေအရ တတ်စွမ်းသရွေ့ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့် စကားအတိုင်း နောင်တစ်ချိန်တွင် မိမိတို့နိုင်ငံ၊ မိမိတို့ဒေသ၏ ကြီးလေးသည့် တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့်သူများဖြစ်သည့်အတွက် နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်သည့် သားကောင်းသမီးမွန်များဖြစ်စေရန်၊ ကဏ္ဍအားလုံးတွင် ထူးချွန်ထက်မြက်သူများ ဖြစ်လာစေရန် စဉ်ဆက်မပြတ် ကြိုးစားကြရန်လိုပါကြောင်း မှာကြားသည်။

ထို့နောက် တိုင်းရင်းသား တိုင်းရင်းသူ လေ့လာရေးအဖွဲ့ဝင်များကိုယ်စား ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်မှ ကချင်တိုင်းရင်းသူ မဒါရှီပန်စင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး တိုင်းရင်းသား တိုင်းရင်းသူ လေ့လာရေးအဖွဲ့ဝင်များက ၎င်းတို့၏ ရိုးရာအကများဖြင့် ကပြဖျော်ဖြေကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားအဖွဲ့များအား ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ် အင်းဒင်ကျေးရွာသုသာန်၌ အမည်မသိရုပ်အလောင်းများတွေ့ရှိမှုနှင့် ပတ်သက်ပြီး တပ်မတော်မှ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များနှင့် စပ်လျဉ်း၍ တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၁၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် အင်းဒင်ကျေးရွာ သုသာန်၌ လူများအား သတ်ဖြတ်မြှုပ်နှံထားကြောင်း သတင်းပို့တိုင်ကြားလာမှုအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်ပတ်သက်ခဲ့မှု ရှိ မရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း ဦးစီးသည့်အဖွဲ့သည် အခင်းဖြစ်ပွားရာ နယ်မြေဒေသသို့ သွားရောက်စစ်ဆေးခဲ့ရာ အင်းဒင်ကျေးရွာမှ ရွာသားအချို့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမား ၁၀ ဦးကို သတ်ဖြတ်ခဲ့သည်မှာ မှန်ကန်ကြောင်း ဝန်ခံထွက်ဆိုခဲ့သဖြင့် ပါဝင်ပတ်သက်သူ ရွာသားများနှင့် ထိတွေ့တိုက်ခိုက်မှု စည်းမျဉ်းများ (Rules of Engagement) အား ချိုးဖောက်ခဲ့သော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့က ယနေ့ သတင်းထုတ်ပြန်လိုက်သည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း ဦးဆောင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂ ရက်အထိ အင်းဒင်ကျေးရွာ အုပ်စုအတွင်းရှိ အခင်းဖြစ်ပွားခဲ့သည့်နေရာများကို သွားရောက်၍ တပ်မတော်သား သက်သေ ၂၁ ဦး၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် သုံးဦး၊ အမှတ်(၈) လုံခြုံရေးတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင် ၁၃ ဦး၊ အင်းဒင်ရွာသား ခြောက်ဦးနှင့် ဌာနဆိုင်ရာဝန်ထမ်း ခြောက်ဦးတို့ကို စစ်ဆေးခဲ့ကြောင်း။

စစ်ဆေးတွေ့ရှိချက်များအရ အင်းဒင်ကျေးရွာအုပ်စုတွင် တိုင်းရင်းသားရွာများဖြစ်သော အင်းဒင်(ရခိုင်)ရွာ၊ ပဲရုံ(နတလ)ရွာ နှစ်ရွာနှင့် ဘင်္ဂါလီရွာ သုံးရွာပါဝင်ကြောင်း၊ တိုင်းရင်းသား နှစ်ရွာတွင် အိမ်ခြေ ၁၇၆ လုံး၊ လူဦးရေ ၈၄၀ ရှိပြီး ဘင်္ဂါလီ သုံးရွာတွင် အိမ်ခြေ ၈၀၀ ၊ လူဦးရေ ၆၀၀၀ ခန့်ရှိကြောင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက် တိုက်ခိုက်မှုဖြစ်ပြီးနောက်ပိုင်း ဘင်္ဂါလီများမှ တိုင်းရင်းသားများအပေါ် တင်းမာစွာဆက်ဆံပြီး ခြိမ်းခြောက်မှုများ ပြုလုပ်လာခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် အင်းဒင်ကျေးရွာသား ဦးမောင်နီ လယ်တောသို့သွားစဉ် အကြမ်းဖက်သမားများက ဝိုင်းဝန်းဖမ်းဆီးသတ်ဖြတ်ခဲ့ပြီး ဩဂုတ် ၂၅ ရက်မှစတင်၍ အင်းဒင်တိုင်းရင်းသားရွာကို တုတ်၊ ဓားများ ကိုင်ပြီး အဝေးမှ နေ့၊ ညလူအုပ်ဖြင့် ဝိုင်းဝန်းခြိမ်းခြောက်ကြကြောင်း၊ ရွာသားများသည် ကြောက်ရွံ့ထိတ်လန့်လျက် အိမ်တွင်မနေရဲဘဲ အင်းဒင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် သွားရောက်စုပေါင်း နေထိုင်ခဲ့ရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း ကျေးရွာများ၏ အကူအညီတောင်းခံမှုအရ အချိန်မီရောက်ရှိ လုံခြုံရေးဆောင်ရွက်ပေးခဲ့ရကြောင်း။

အင်းဒင်ကျေးရွာတွင် လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁ ရက်တွင် ပင်လယ်ကမ်းစပ်ဘက်သို့ နယ်မြေရှင်းလင်းစဉ် အကြမ်းဖက်အင်အား ၂၀၀ ခန့်က တုတ်၊ ဓားများ ကိုင်ဆောင်ကာ ဝိုင်းဝန်းတိုက်ခိုက်ခဲ့သဖြင့် သေနတ်မိုးပေါ်ထောင်ဖောက်၍ သတိပေးတားမြစ်ခဲ့ပြီး လိုက်လံဖမ်းဆီးရာ အကြမ်းဖက်သမား ၁၀ ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း ဖော်ပြထားသည်။

ထို့ပြင် ဖမ်းဆီးရမိအကြမ်းဖက်သမား ၁၀ ဦးအား စက်တင်ဘာ ၁ ရက် ညပိုင်းတွင် စာသင်ကျောင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးမေးမြန်းချက်များအရ ၎င်းတို့သည် အကြမ်းဖက်အဖွဲ့များနှင့် ဆက်နွှယ်မှုရှိနေကြောင်း၊ ကျေးရွာတွင် နေထိုင်စဉ် မော်လဝီဆရာများက အကြမ်းဖက်လုပ်ငန်းများတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ရန် စည်းရုံးခံထားရသူများဖြစ်သည်ကို သိရှိရကြောင်း။

၎င်းအကြမ်းဖက်သမား ၁၀ ဦးအား လုပ်ထုံး၊ လုပ်နည်းနှင့်အညီ ရဲစခန်းသို့ အပ်နှံရမည်ဖြစ်သော်လည်း အင်းဒင်နယ်မြေရဲစခန်းရှိ မော်တော်ယာဉ် နှစ်စီးကို သဘော်ကွေ့ကျေးရွာတွင် အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်မီးရှို့ ဖျက်ဆီးခဲ့ခြင်း၊ ထိုအချိန်ကာလတွင် ၎င်းနယ်မြေဝန်းကျင်တစ်ဝိုက်၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားလျက်ရှိခြင်း စသည်တို့ကြောင့် ၎င်းတို့အား သုသာန်သို့ ခေါ်ဆောင်သတ်ဖြတ်ရန် ဆုံးဖြတ်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အင်းဒင်ကျေးရွာမှ ရွာသားအချို့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမား ၁၀ ဦးကို သတ်ဖြတ်ခဲ့သည်မှာ မှန်ကန်ကြောင်း ဝန်ခံထွက်ဆိုခဲ့သဖြင့် ပါဝင်ပတ်သက်သူရွာသားများနှင့် ထိတွေ့တိုက်ခိုက်မှု စည်းမျဉ်းများ (Rules of Engagement) အား ချိုးဖောက်ခဲ့သော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ဖြစ်စဉ်နှင့်ပတ်သက်၍ အထက်ဌာန အဆင့်ဆင့်သို့ တင်ပြခဲ့ခြင်းမရှိကြောင်း တွေ့ရှိရသဖြင့် ဖြစ်စဉ်တွင် တိုက်ရိုက်ပါဝင်ပတ်သက်မှုမရှိသော်လည်း ကွပ်ကဲရန်တာဝန်ရှိသူများကိုလည်း လိုအပ်သလို ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး အရေးယူဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်း သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သတင်းစဉ်**

# AFC 'C' Coaching Certificate Course ဘောလုံးနည်းပြသင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် ဇန်နဝါရီ ၁၀**

မြန်မာ့ဘောလုံးအားကစား တိုးတက်မြင့်မားလာစေရန်နှင့် အရည်အသွေးပြည့်ဝသည့် နိုင်ငံတကာအသိအမှတ်ပြု လိုင်စင်နည်းပြဆရာများပေါ်ထွက်လာစေရန် ရည်ရွယ်၍ အာရှဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ AFC 'C' Coaching Certificate Course ဘောလုံးနည်းပြသင်တန်းကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၌ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ အာရှဘောလုံးအဖွဲ့ချုပ်မှ တာဝန်ပေးအပ်သည့် သင်တန်းနည်းပြဆရာက လာရောက်ပို့ချ သင်ကြားပေးမည်ဖြစ်ပြီး အသက် ၂၁ နှစ်နှင့် ၃၅ နှစ်ကြားရှိ ပညာအရည်အချင်း အနိမ့်ဆုံး ၁၀ တန်းရှိရမည်ဖြစ်ကာ (မြန်မာ့လက်ရွေးစင်အဖြစ်ကစားခဲ့ဖူးပါက အသက်နှင့် ပညာအရည်အချင်းကို လျှော့ပေါ့စဉ်းစားမည်ဖြစ်သည်။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာကလပ်၊ အသင်း၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်း၏ ထောက်ခံစာပါဝင်ရမည်ဖြစ်သည်။ ထို့ပြင် ဘောလုံးအားကစားကို ကောင်းမွန်စွာ ကစားနိုင်သူဖြစ်ပြီး သင်တန်းတွင် လက်တွေ့လေ့ကျင့်ခန်းများကို ပါဝင်လုပ်ဆောင်နိုင်ရမည်ဖြစ်ကာ (ကျန်းမာကြံ့ခိုင်သူဖြစ်ပြီး Medical Certificate တင်ပြနိုင်ရမည်) လက်ရှိနည်းပြတာဝန်ထမ်းဆောင်နေသူများကို ဦးစားပေးရွေးချယ်မည်ဖြစ်သည်။

တက်ရောက်လိုသူများသည် စာတွေ့၊ လက်တွေ့ နှစ်မျိုးစလုံးကို သင်တန်းပြီးဆုံးသည်အထိ တက်ရောက်နိုင်ရမည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာကို အတော်အသင့် ရေးနိုင်၊ ဖတ်နိုင်သူနှင့် ကွန်ပျူတာကို အတော်အသင့်အသုံးပြုတတ်သူဖြစ်ရမည်ဖြစ်သည်။

သင်တန်းတက်ရောက်ရန် ရွေးချယ်ခြင်းခံရပါက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဖွင့်လှစ်သော စီလိုင်စင်အထောက်အကူပြုသင်တန်း (MFF ‘D’ License Course) အား မပျက်မကွက်တက်ရောက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် သင်တန်းသားအမည်စာရင်းကို အာရှဘောလုံးအဖွဲ့ချုပ်သို့ ကြိုတင်တင်ပြနိုင်ရေးအတွက် ကိုက်ညီသည့် သင်တန်းသားများသည် ပြည့်စုံစွာ ဖြည့်စွက်၍ ဇန်နဝါရီ ၁၂ ရက် နောက်ဆုံးထားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ ပေးပို့ရမည်ဖြစ်သည်။

**ဖိုးသော်ဇင်**



ဇန်နဝါရီ ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်အမှတ်(၁၂) ရပ်ကွက်ရုံးတွင် မူခင်းကျဆင်းရေးအသိပညာပေး ဟောပြောပွဲပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနေဝင်းနှင့် မြို့မစခန်းမှူး ဒု-ရဲမှူး သိန်းဆွေမြင့်တို့ အသိပညာပေးဟောပြောစဉ်။ ကြေးမုံ

## ပြည်တွင်းရေးရာ



ဒုတိယအကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေး ကျင်းပစဉ်။

✪ ဒုတိယအကြိမ်မြောက်မှ

ဒေသများ၌ ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ ပုံစံငယ်များကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အစည်းအဝေးသို့ တက်ရောက်လာသည့် ဝန်ကြီးချုပ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် ဒုတိယသမ္မတသည် ဒုတိယအကြိမ်မြောက် မဲခေါင်- လန်ချန်း နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့ တက်ရောက်သည်။

**အဖွင့်မိန့်ခွန်း**

အစည်းအဝေးတွင် ပူးတွဲသဘာပတိအဖြစ်ဆောင်ရွက်ကြသည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက် ဟွန်ဆမ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီခချန်းတို့က အဖွင့်မိန့်ခွန်းပြောကြားကြသည်။

**ဆွေးနွေးကြ**

ယင်းနောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တိုးတက်မှုများအား သုံးသပ်ခြင်းနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုများအတွက် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့က ဆွေးနွေးကြသည်။

**ဂုဏ်ယူမိ**

အစည်းအဝေး၌ ဒုတိယသမ္မတက မိန့်ခွန်းပြောကြားရာတွင် ယခုကျင်းပသည့် ဒုတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး နိုင်ငံခေါင်းဆောင်များ အစည်းအဝေးတွင် ပါဝင်တက်ရောက်ပြီး အဆွေတော်တို့နှင့် ခင်မင်ရင်းနှီးစွာ အမြင်ချင်း ဖလှယ်ခွင့်ရသည့်အတွက် ဂုဏ်ယူမိပါကြောင်း။

လွန်ခဲ့သည့်သုံးနှစ်ကာလက မြန်မာနိုင်ငံ နေပြည်တော်တွင် အစပြုခဲ့သည့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်သည် ယခုဆိုလျှင် အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိသည့် ဒေသခွဲဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ယန္တရားတစ်ခုအဖြစ်သို့ ဖြစ်ပေါ်တိုးတက်လာခဲ့ပြီ ဖြစ်ပါကြောင်း။

**ငြိမ်းချမ်းရေး**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးမူဘောင်အတွင်းမှ ဆောင်ရွက်လျက်ရှိကြသည့် လုပ်ငန်းစဉ်များအားလုံး၏ အဓိကအနှစ်သာရမှာ ဒေသတွင်းလူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း ငြိမ်းချမ်းရေးကို တိုးမြှင့် ထိန်းသိမ်းရေးပင်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဆိုသည်မှာ မိမိတို့ပြည်သူများ ငြိမ်းချမ်းစွာ နေထိုင်ရေးနှင့် သာယာဝပြောရေးတို့အတွက် အဓိကကျသည့် အခြေခံများဖြစ်ပါကြောင်း။

**တစ်မူထူးခြား**

မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှု၏ တစ်မူထူးခြားသည့် ဝိသေသလက္ခဏာမှာ လက်တွေ့ကျခြင်း၊ ထိရောက်မှုရှိခြင်း၊ စီမံကိန်းများ အကောင်အထည်ဖော်မှုများကို အသားပေးသည့် လုပ်ငန်းစဉ်ဖြစ်ခြင်း၊ ထိရောက်မြန်ဆန်သည့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ဖြစ်ပါကြောင်း။

မိမိတို့ မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံများတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးနှင့် မဲခေါင်ဒေသတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရေးတို့အတွက် တူညီသည့် ဘုံရည်မှန်းချက်များ ရှိကြပါကြောင်း။

**ဆက်လက်ကြိုးပမ်း**

မိမိတို့နိုင်ငံများ ကြုံတွေ့နေရသည့် စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများနှင့် သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် မဲခေါင်နိုင်ငံများနှင့် နှစ်နိုင်ငံချင်းဆက်ဆံရေး၊ နိုင်ငံရေးဆိုင်ရာ ဆွေးနွေးမှု၊ အပြန်အလှန် ယုံကြည်နားလည်မှုများ ပိုမိုအားကောင်းလာအောင် မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာများစွာရှိသည့် မဲခေါင်ဒေသသည် အောင်မြင်ဖြစ်ထွန်းသည့် ဖွံ့ဖြိုးတိုးတက်ရေးရပ်ဝန်း (Growth centre) တစ်ခုဖြစ်လာစေရန် ဒေသတွင်းတွင် ချောမွေ့သည့် ပေါင်းစည်းဆက်နွယ်မှု အားကောင်းရန် လိုအပ်ပါကြောင်း။

**ဖွံ့ဖြိုးတိုးတက်ရေး**

အရည်အသွေးပြည့်ဝသည့် အခြေခံအဆောက်အအုံများ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့အတွက် ကောင်းမွန်သည့်အခြေခံများ၊ ထုတ်လုပ်မှုစွမ်းရည် တိုးတက်လာမှုများ၊ အင်စတီကျူးရှင်းများ အားကောင်းလာမှုများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ နည်းပညာဖလှယ်မှုများသည် မဲခေါင်ဒေသကြီး၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်ချက်များဖြစ်ပါကြောင်း။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးသည် အာဆီယံ အသိုက်အဝန်း တည်ထောင်ခြင်း အပါအဝင် ဒေသတွင်း ကြိုးပမ်းအားထုတ်မှုများကို ပိုမိုထိရောက်စွာ အားသစ်လောင်းပေးသည့် ယန္တရားတစ်ခုဖြစ်ပါကြောင်း။

**ချစ်ကြည်ရင်းနှီးမှု**

မဲခေါင်-လန်ချန်းအဖွဲ့ဝင် ခြောက်နိုင်ငံသည် ပထဝီအရရော၊ယဉ်ကျေးမှုအရပါ နီးကပ်စွာ ဆက်နွယ်လျက်ရှိပြီး အစိုးရချင်းသာမက ပြည်သူတွေအချင်းချင်းကြားတွင်ပါ အိမ်နီးချင်းကောင်းပီသမှုနှင့် အစဉ်အလာ ချစ်ကြည်ရင်းနှီးမှုတို့ ရှိကြပါကြောင်း။

ပြည်သူအချင်းချင်း ပိုမိုထိတွေ့ဆက်ဆံမှုသည် ဒေသတွင်းရည်မှန်းချက်တူပြီး သဟဇာတဖြစ်သည့် လူမှုအသိုင်းအဝိုင်းတစ်ခုတည်ထောင်ရာတွင် အင်မတန်အရေးပါသည့် အရာတစ်ခုဖြစ်ပါကြောင်း၊ ထိုသို့ ထိတွေ့ဆက်ဆံမှုများကို အဖွဲ့ဝင်နိုင်ငံများ၏ ယဉ်ကျေးမှု၊ ပညာရေးနှင့် ပညာရှင်အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြန်အလှန်ဖလှယ်ခြင်းတို့ဖြင့် တိုးမြှင့်သွားရန် လိုအပ်ပါကြောင်း။

**ဦးစားပေးကဏ္ဍများ**

ပူးပေါင်းဆောင်ရွက်ရေး ဦးစားပေးကဏ္ဍများတွင် လုပ်ငန်းယန္တရားများထူထောင်ပြီး ပူးတွဲလုပ်ငန်းအဖွဲ့များ အောင်မြင်စွာဖွဲ့စည်းပြီးဖြစ်သည်ကို သိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ပူးတွဲလုပ်ငန်းအဖွဲ့များသည် ပူးပေါင်းဆောင်ရွက်ရေးတစ်ခုလုံးကို လက်တွေ့ကျကျ အကောင်အထည်ဖော်သည့် အဖွဲ့များဖြစ်ကြသည့်အတွက် အင်မတန်မှ အရေးပါပါကြောင်း။

မဲခေါင်-လန်ချန်း၏ မဟာဗျူဟာများသည် အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသား ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာများ၊ "Belt and Road Initiative" အပါအဝင် အာဆီယံကဲ့သို့ ဒေသတွင်း အဖွဲ့အစည်းများ၏ လုပ်ငန်းစဉ်များနှင့် လိုက်လျောညီထွေမှုရှိရန် အရေးကြီးကြောင်းကို ထပ်လောင်းပြောကြားလိုပါကြောင်း။

မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်မည့် ပထမအသုတ် စီမံကိန်း ၁၃၂ ခုကို အပြီးသတ်ရွေးချယ်အတည်ပြုခဲ့သည့်အတွက် တရုတ်နိုင်ငံကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါကြောင်း၊ ယင်းစီမံကိန်းများထဲတွင် မြန်မာနိုင်ငံမှ အဆိုပြုတင်သွင်းသည့် စီမံကိန်း ၁၀ ခုလည်း ပါဝင်ပါကြောင်း။

ထို့ပြင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း ဒုတိယအသုတ်အဖြစ် အတည်ပြုခဲ့သည့် စီမံကိန်း ၂၁၄ ခုသည် ယင်းစီမံကိန်းများကို မဲခေါင်နိုင်ငံများ၏ ပြည်သူများ အကျိုးကျေးဇူးရရှိစေမည်ဟု ယုံကြည်ပါကြောင်း။

**တွန်းအားတစ်ရပ်**

ယင်းစီမံကိန်းများကို အောင်မြင်စွာ အကောင်အထည် ဖော်ခြင်းဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို ပြည်သူများ ပိုမိုသိမြင်နားလည်လာစေမည် ဖြစ်သလို မဲခေါင်-လန်ချန်းမူဘောင်အောက်မှ ဆောင်ရွက်သွားမည့် အနာဂတ်ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များအတွက် တွန်းအားတစ်ရပ်ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း။

လာမည့် (၅)နှစ်တာအတွင်း အကောင်အထည်ဖော်မည့် မဲခေါင်-လန်ချန်း (၅)နှစ်တာ လုပ်ငန်းစီမံချက်ကိုအားသွန်ခွန်စိုက် ပြုစုရေးသားခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ပူးပေါင်းညှိနှိုင်းရေးအဖွဲ့/အတွင်းရေးမှူးရုံး အဖွဲ့ဝင်များ၏ ကြိုးပမ်းအားထုတ်မှုကို တန်ဖိုးထားပါကြောင်း။

**စနစ်တကျရှိစေမည်**

ယင်းလုပ်ငန်းစီမံချက်တွင် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍအသစ်များ ထည့်သွင်းထားသည်ကို တွေ့ရပါကြောင်း၊ ယင်းကဏ္ဍအများစုကို တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များတွင်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းစီမံချက်သည် မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုကို အထိရောက်ဆုံးနှင့် စနစ်တကျရှိစေမည်ဟု ယုံကြည်ပါကြောင်း။

ယခုအတည်ပြုမည့် ယင်းလုပ်ငန်းစီမံချက်သည် မဲခေါင်-လန်ချန်း အနာဂတ် ပူးပေါင်းဆောင်ရွက်ရေးအတွက် လမ်းပြမြေပုံတစ်ခုသဖွယ်သာမက မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုအတွက် အခြေခံကောင်းတစ်ခုအဖြစ်လည်းရှိနေမည်ဟု ယုံကြည်ပါကြောင်း။

ထိရောက်မြန်ဆန်သည့် ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ယန္တရားအသစ် တစ်ရပ်ဖြစ်သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးသည် ဒေသတွင်းတည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဖွံ့ဖြိုးတိုးတက်ရေးကွာဟမှုကို လျှော့ချနိုင်မှုနှင့် ပြည်သူအချင်းချင်းအကြား ချစ်ကြည်ရင်းနှီးမှုတို့ ဖော်ဆောင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေမည်ဟု ယုံကြည်ပါကြောင်း၊

**အကျိုးကျေးဇူးရရှိမှု**

မြန်မာနိုင်ငံသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးကို အစဉ်အလေးထားခဲ့သည့်နည်းတူ အနာဂတ်တွင်လည်း ချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန် အကျိုးကျေးဇူးရရှိမှုဆိုသည့် မူများကို လက်ကိုင်ထားပြီး တရုတ်နိုင်ငံ၊ မဲခေါင်နိုင်ငံများနှင့်အတူ တက်ကြွစွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ပူးတွဲဥက္ကဋ္ဌတာဝန်လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် ဒုတိယသမ္မတသည် ပူးတွဲဥက္ကဋ္ဌများက ကျင်းပသည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သတင်းစာရှင်းလင်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့် ဇနီးတို့က မဲခေါင်-လန်ချန်း နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အစိုးရအဖွဲ့ အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဒုတိယသမ္မတသည် နံနက်ပိုင်းက ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ရောက်ရှိပြီး သံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူး၊ သံရုံးဝန်ထမ်းများ၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့သည်။

**သတင်းစဉ်**

### ❒ MNL အမှတ်ပေးပြိုင်ပွဲမှ

ရှမ်းယူနိုက်တက်အသင်းသည် နှစ်ရာသီဆက်တိုက် ဇွဲကပင်အသင်းကို အဝေးကွင်း၌ရှုံးနိမ့်ခဲ့သောကြောင့် ရှုံးကြွေးပြန်ဆပ်နိုင်ရန်ကြိုးပမ်းရမည်ဖြစ်သည်။ ဇွဲကပင်အသင်းမှာလည်း ရာသီစတင်ခါနီးတွင် နည်းပြချုပ်အပြောင်းအလဲပြုလုပ်ထားသောကြောင့် အသင်းအနေအထားကို စောင့်ကြည့်ရမည်ဖြစ်သည်။ မဟာယူနိုက်တက်အသင်းကို အသင်းအမည်ပြောင်းလဲထားသည့် စစ်ကိုင်းယူနိုက်တက်အသင်းသည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ မုံရွာကွင်းကို အိမ်ကွင်းအဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ရခိုင်အသင်းနှင့်ပွဲမတိုင်မီ အိမ်ကွင်းအဖွင့်ပွဲနှင့် အသင်းပရိသတ်ထံ မိတ်ဆက်အပ်နှံပွဲကို ဖျော်ဖြေရေးအစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်သည်။

ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့် ရတနာပုံအသင်းသည် ဧရာဝတီအသင်းနှင့် ပွဲကျပ်ကစားရမည်ဖြစ်ပြီး MFF Charity Cup ပြိုင်ပွဲတွင် ဗိုလ်စွဲထားသည့် ရန်ကုန်အသင်းမှာမူ ဟံသာဝတီအသင်းနှင့်အဝေးကွင်းကစားရမည်ဖြစ်ရာ ရလဒ်ကောင်းရရန် ရုန်းကန်ရဖွယ်ရှိနေသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# ကရင်ပြည်နယ် ဘားအံမြို့ လူမှုအခြေပြုဗဟိုဌာန၌ လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူ့စကားဝိုင်း(Public Talk)များကို ကျင်းပလျက်ရှိရာ လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် ကရင်ပြည်နယ် ဘားအံမြို့ လူမှုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ ပြုလုပ်မည် ဖြစ်သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ စာရေးဆရာ မင်းဝေဟင်၊ စာရေးဆရာမ နှင်းဝေငြိမ်းနှင့် ဒေသခံလူငယ် ကိုယ်စားလှယ် မနန်းထက်ထက်လင်းစိုးတို့က ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းသိရသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး ဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၃/၂၀၁၈**
**၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)**

**မကွေးတိုင်းဒေသကြီး ဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများအား ယင်းတို့၏ သဘောဆန္ဒအလျောက် တိုင်းဒေသကြီး ဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်-

(၁) ဦးစိုးမြင့် စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(၂) ဦးနေမျိုးကျော် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# SME နှစ်ဆင့်ချေးငွေစီမံကိန်း ပထမအဆင့် ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

**နေပြည်တော် ဇန်နဝါရီ ၁၀**

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း SMEs များပါဝင်မှုသည် ၉၉ ရာခိုင်နှုန်းရှိပြီး SME များ ဖွံ့ဖြိုးတိုးတက်လာပါက ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး တစ်ဦးချင်းဝင်ငွေပါ တိုးတက်လာမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ မြန်မာ့စီးပွားရေးဘဏ်မှ SMEs လုပ်ငန်းများအား ဘဏ္ဍာငွေပံ့ပိုးကူညီရန် JICA မှ တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေ (ODA) ချေးငွေရယူ၍ SME နှစ်ဆင့် ချေးငွေစီမံကိန်းပထမအဆင့် (Phase-1) ကို တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

**JICA SME နှစ်ဆင့်ချေးငွေစီမံကိန်းတွင် အကျုံးဝင်သော SMEs လုပ်ငန်းများ**

၂၀၁၅ ခုနှစ် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ-၂ (က)၊ (ခ)တွင် ပါရှိသည့် SME သတ်မှတ်ချက်နှင့်ညီညွတ်သည့် အောက်ဖော်ပြပါ SME လုပ်ငန်းများ ချေးငွေရယူနိုင်ပါသည် -

(က) ကုန်ထုတ်လုပ်မှုလုပ်ငန်း
(ခ) လုပ်သားအခြေပြုလုပ်ငန်း
(ဂ) လက်လီရောင်းဝယ်ရေးလုပ်ငန်း
(ဃ) လက်ကားရောင်းဝယ်ရေးလုပ်ငန်း
(င) ဝန်ဆောင်မှုလုပ်ငန်း
(စ) အခြား

**JICA SME နှစ်ဆင့်ချေးငွေစီမံကိန်းတွင် အကျုံးမဝင်သော လုပ်ငန်းများ**

(က) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရယူရန် အရည်အသွေးပြည့်မီမှုရှိသော လယ်သမားများ
(ခ) အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ
(ဂ) ဘဏ္ဍာရေးနှင့် အာမခံလုပ်ငန်း
(ဃ) အဖိုးတန် သတ္တုရောင်းဝယ်ရေးလုပ်ငန်းများ
(င) အရက်ဆိုင်များနှင့် ပျော်ပွဲစားရုံလုပ်ငန်း
(စ) ဖြေဖျော်မှု၊ တင်ဆက်မှု (နိုင်ငံခြားခရီးသွားလုပ်ငန်းမပါ) လုပ်ငန်း
(ဆ) လက်နက်၊ ခဲယမ်းထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်း စသည့် လုပ်ငန်းများအား ငွေထုတ်မချေးပါ။

| စဉ် | JICA SME နှစ်ဆင့်ချေးငွေစီမံကိန်း ချေးငွေထုတ်ချေးခြင်းအတွက် သတ်မှတ်ချက် | |
|---|---|---|
| ၁ | SME လုပ်ငန်းတစ်ခုသို့ ထုတ်ချေးနိုင်သည့် ငွေပမာဏ | အများဆုံးကျပ်(၅၀၀)သန်း |
| ၂ | ချေးငွေအား အသုံးပြုရာတွင် သတ်မှတ်ချက် | Fixed Assets အတွက် ၈၀% |
| | | Working Capital အတွက် ၂၀ % |
| ၃ | ချေးငွေအတိုးနှုန်း | ၁ နှစ်လျှင် ၈. ၅ % |
| ၄ | ချေးငွေသက်တမ်း | ၃ နှစ်မှ ၅ နှစ်ထိ |

JICA SME နှစ်ဆင့်ချေးငွေစီမံကိန်း ပထမအဆင့် (Phase-1) တွင် ချေးငွေရယူရန် ဆက်သွယ်လျှောက်ထားနိုင်သည့် ဘဏ်များမှာ -

(၁) အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်
(၂) မြန်မာ့ရှေ့ဆောင်ဘဏ်
(၃) မြန်မာနိုင်ငံသားများဘဏ်
(၄) ဧရာဝတီဘဏ်
(၅) ကမ္ဘောဇဘဏ်
(၆) သမဝါယမဘဏ်

**JICA SME နှစ်ဆင့်ချေးငွေစီမံကိန်း ပထမအဆင့် (Phase-1) ဆောင်ရွက်မှု အခြေအနေ**

JICA မှ တရားဝင်ဖွံ့ဖြိုးမှုချေးငွေရယူရန် ငွေရေးကြေးရေးဆိုင်ရာ ပါဝင်ဆောင်ရွက်သည့် အဖွဲ့အစည်း (Participating Financial Institution) (PFIs) အဖြစ် ပုဂ္ဂလိကဘဏ်(၆) ဘဏ်မှတစ်ဆင့် ငွေကျပ် (၅၇၆၃၄)သန်းအား SME လုပ်ငန်းရှင် (၂၆၉) ဦးသို့ ချေးငွေများ ထုတ်ချေးခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ ထုတ်ချေးငွေများအနက်မှ ပြန်လည်ပေးဆပ်လာသော အရင်းငွေရပ်များအား လည်ပတ်ရန်ပုံငွေစာရင်းတွင် ထားရှိ၍ ပြန်လည်ထုတ်ချေးလျက်ရှိရာ စီမံကိန်းစတင်ချိန်မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအထိ စုစုပေါင်း SMEs လုပ်ငန်းရှင်(၂၉၂)ဦးသို့ စုစုပေါင်းငွေကျပ် (၆၁၁၄၆ ဒသမ ၉၈) သန်းအား ထုတ်ချေးခဲ့ပြီး SMEs လုပ်ငန်းအသစ်များကို ဆက်လက်ထုတ်ချေးသွားမည် ဖြစ်ပါသည်။

**JICA SME နှစ်ဆင့်ချေးငွေစီမံကိန်း (Phase-1) တွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ထုတ်ချေးထားမှုအခြေအနေ**

**ကျပ်သန်းပေါင်း**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဦးရေ | ငွေပမာဏ |
|---|---|---|---|
| ၁ | နေပြည်တော်ကောင်စီနယ်မြေ | - | - |
| ၂ | ကချင်ပြည်နယ် | ၁ | ၈၀. ၀၀ |
| ၃ | ကယားပြည်နယ် | - | - |
| ၄ | ကရင်ပြည်နယ် | ၁ | ၃၀. ၀၀ |
| ၅ | ချင်းပြည်နယ် | - | - |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၆ | ၁၆၉၁. ၀၀ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၁ | ၃၀၀. ၀၀ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၂၆ | ၂၇၄၁. ၇၅ |
| ၉ | မကွေးတိုင်းဒေသကြီး | ၁၀ | ၁၅၇၅. ၀၀ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၅၀ | ၁၁၃၃၈. ၀၀ |
| ၁၁ | မွန်ပြည်နယ် | ၂ | ၁၄၅. ၀၀ |
| ၁၂ | ရခိုင်ပြည်နယ် | ၃ | ၄၇၀. ၀၀ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၁၁၃ | ၂၉၈၁၂. ၄၈ |
| ၁၄ | ရှမ်းပြည်နယ် | ၁၇ | ၃၀၃၃. ၀၀ |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၄၂ | ၉၉၃၀. ၇၅ |
| | စုစုပေါင်း | ၂၉၂ | ၆၁၁၄၆. ၉၈ |

**JICA SME နှစ်ဆင့်ချေးငွေစီမံကိန်း (Phase-1) တွင် ကဏ္ဍအလိုက် ထုတ်ချေးထားမှုအခြေအနေ**



**JICA SME Two-Step Loan စီမံကိန်းဒုတိယအဆင့် (Phase-2) ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်**

JICA SME Two-Step Loan စီမံကိန်းဒုတိယအဆင့် (Phase-2) တွင် ချေးငွေဂျပန်ယန်း (၁၄၉၄၉)သန်း ရယူရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းဒုတိယအဆင့် အကောင်အထည်ဖော် ဆောင်ရွက်ပါက ငွေရေးကြေးရေးဆိုင်ရာ ပါဝင်ဆောင်ရွက်သည့်အဖွဲ့အစည်း (PFIs) ဖြစ်သော ဘဏ်များအား အသစ်ပြန်လည်ရွေးချယ်သွားမည်ဖြစ်ပြီး အဆိုပါ ဘဏ်များမှတစ်ဆင့် နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးသို့ ကျယ်ကျယ်ပြန့်ပြန့် ထုတ်ချေးသွားရန် စီစဉ်ဆောင်ရွက်ထားပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးမင်းချစ်ဦး | ကျောင်းအုပ်ကြီး<br>ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး<br>ဝန်ကြီးဌာန |
| (ခ) | ဦးမင်းသူ | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးသိန်းဇော်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(စီမံ) အဆောက်အအုံ<br>ဦးစီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အအုံဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီး<br>ဌာန |
| (ခ) | ဒေါ်မေတိုးဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးမူဝါဒရေးရာနှင့်<br>ဘဏ်လုပ်ငန်းဥပဒေ<br>စည်းမျဉ်းဌာန<br>မြန်မာနိုင်ငံတော်<br>ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားသုံးငွေ<br>စီမံခန့်ခွဲမှုဌာန<br>မြန်မာနိုင်ငံတော်<br>ဗဟိုဘဏ် |
| (ဂ) | ဒေါ်တင်မိုးမိုး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးမူဝါဒရေးရာနှင့်<br>ဘဏ်လုပ်ငန်းဥပဒေ<br>စည်းမျဉ်းဌာန<br>မြန်မာနိုင်ငံတော်<br>ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးမူဝါဒရေးရာနှင့်<br>ဘဏ်လုပ်ငန်းဥပဒေ<br>စည်းမျဉ်းဌာန<br>မြန်မာနိုင်ငံတော်<br>ဗဟိုဘဏ် |

# ရခိုင်ပြည်နယ်သတင်း



## ရခိုင်ပြည်နယ် မောင်တောဒေသ ပြည်ထောင်စုစီမံကိန်း UEHRD သို့ လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၁၀**
ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီရုံးခန်းမ၌ ရခိုင်ပြည်နယ် မောင်တောဒေသ လူသားချင်းစာနာမှုအကူအညီထောက်ပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးများပါဝင်သော ပြည်ထောင်စုစီမံကိန်း (UEHRD) အတွက် အမေရိကန်ဒေါ်လာ၊ စင်ကာပူဒေါ်လာ၊ မြန်မာငွေကျပ် စုပေါင်းကာ ယနေ့ မွန်းလွဲ ၂ နာရီက လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယနေ့လှူဒါန်းရာတွင် လော့စ်အိန်ဂျလိစ်မြို့ပြည်ပရောက် မြန်မာတိုင်းရင်းသားမိသားစုတို့က အမေရိကန်ဒေါ်လာ ၁၇၃၈၀ ကို လည်းကောင်း၊ ဒေါ်မျိုးစန္ဒာခင်(အင်ဂျင်နီယာ) မိသားစုက သီးခြားစင်ကာပူဒေါ်လာ S$-500 ကို လည်းကောင်း၊ (မျိုးဆက်သစ်တို့အတွက် မျှော်လင့်ရာအသင်း)ဥက္ကဋ္ဌ ဦးငင်ချွန်နာနှင့် အဖွဲ့ဝင်မိသားစုများက မြန်မာငွေကျပ် ငါးသိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန (ရန်ကုန်)ညွှန်ကြားရေးမှူး ဦးဝင်းရွှေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## စစ်တွေမြို့၌ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ မွမ်းမံသင်တန်း ဖွင့်လှစ်

**စစ်တွေ ဇန်နဝါရီ ၁၀**
ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဖွင့်လှစ်သည့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာကြည်လွင်က အဖွင့်အမှာစကားပြောကြားရာတွင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု မွမ်းမံသင်တန်းကို ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်မှ ဆရာဝန်ကြီးများနှင့် သူနာပြုဆရာ ဆရာမများကို အရေးပေါ်ကျန်းမာရေးနှင့် ပတ်သက်ပြီး အသိပညာမြှင့်တင်မှု မွမ်းမံသင်တန်းများ ပေးသွားမည်ဖြစ်ကြောင်း၊ အရေးပေါ်ဖြစ်ပေါ်လာသည့်အချိန်တွင် အလျင်အမြန် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ သို့မှသာ လူနာ၏ အသက်အန္တရာယ်ကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို ရန်ကုန်ဆေးရုံကြီးမှ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဆရာဝန်ကြီး ခြောက်ဦးက အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ သင်ခန်းစာများနှင့်ပတ်သက်၍ စာတွေ့၊ လက်တွေ့ သင်ကြားမည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူ ၄၂ ဦးကို သုံးရက် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**





## ကူးတို့လှေနစ်မြုပ်မှုကြောင့် သေဆုံးသူများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေများပေးအပ်

**စစ်တွေ ဇန်နဝါရီ ၁၀**
ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ငှက်ကြီးကျွန်းကျေးရွာအုပ်စု ငှက်ကြီးကျွန်းကျေးရွာမှ အင်ဖုံပြင်ကျေးရွာသို့ ဦးစောဖြူ ၆၈ နှစ် လော်ခတ်ပြီး ကျောင်းသားသုံးဦး၊ ကျောင်းသူသုံးဦး လိုက်ပါလာသည့် ကူးတို့လှေသည် ဇန်နဝါရီ ၉ ရက် ညနေ ၄ နာရီ မိနစ် ၄၀ တွင် တန်းခိုးချောင်းအရောက် လှေဝမ်းပေါက်ကာ နစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် သေဆုံးသွားသည့် ငှက်ကြီးကျွန်းကျေးရွာ ဦးစောဖြူ ၆၈ နှစ် ကူးတို့လှေသမား၊ အင်ဖုံပြင်ကျေးရွာ၊ မချိုဝင်းဦး ၁၁ နှစ် ငါးတန်းကျောင်းသူ၊ အင်ဖုံပြင်ကျေးရွာ၊ မကျော့ဆန်းခင် ၁၂ နှစ် ခြောက်တန်းကျောင်းသူ၏ မိသားစုဝင်များအား ယနေ့ မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် တာဝန်ရှိသူများ သွားရောက်ပြီး တစ်ဦးလျှင် ငွေကျပ် သုံးသိန်းစီဖြင့် ကိုးသိန်း ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးကျော်မင်းနှင့် တာဝန်ရှိသူများသွားရောက်ပြီး တစ်ဦးလျှင် ငွေကျပ် သုံးသိန်းစီဖြင့် ကိုးသိန်း စုစုပေါင်း ငွေကျပ် ၁၈ သိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## အာရှတွင် အကြီးဆုံးဖြစ်သည့် အပြည်ပြည်ဆိုင်ရာ သိပ္ပံပညာနှီးနှောဖလှယ်ပွဲကြီး မြန်မာနိုင်ငံတွင် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၀**
မြန်မာနိုင်ငံဆရာဝန်အသင်း အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါအဖွဲ့မှ ဦးစီးကျင်းပသည့် ပဥ္စမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသိပ္ပံပညာ နှီးနှောဖလှယ်ပွဲနှင့် အာရှ-ပစိဖိတ်အသည်းရောဂါညီလာခံကို ဖေဖော်ဝါရီ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ရာ အဆိုပါပွဲနှင့် ပတ်သက်၍ အကြိုသတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဆူးလေ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

"ဒီဆွေးနွေးပွဲကရလာမယ့် ရလဒ်တွေကတော့ နောက်ဆုံးပေါ် ဘီပိုးကုသနည်း၊ စီပိုးကုသနည်း၊ အသည်းကင်ဆာကုသနည်း၊ ကင်ဆာနဲ့ပတ်သက်တဲ့ကုသနည်းတွေ သိရှိမှာဖြစ်တယ်၊ မြန်မာနိုင်ငံမှာ အစာအိမ်၊ အူလမ်းကြောင်းနဲ့ အသည်းရောဂါဆိုင်ရာဝေဒနာတွေ ခံစားနေရတဲ့သူတွေကို ကုသပေးနိုင်မှာဖြစ်တဲ့အတွက် အကျိုးရှိမယ်၊ စီပိုးရောဂါဆိုရင် အမြစ်ပြတ်ပျောက်နေပြီ၊ ၉၅၊ ၉၉ ရာခိုင်နှုန်းလောက်ပျောက်နေပြီ၊ စီပိုးရှိရင် ဆရာဝန်တွေနဲ့ တိုင်ပင်ကုသရင် ပျောက်ကင်းမယ်၊ ဘီပိုးကတော့ လုံးဝပျောက်တဲ့ ဆေးဆိုတာ မရှိသေးပေမယ့် ဘီပိုးမပွားအောင်၊ အသည်းခြောက်၊ အသည်းကင်ဆာမဖြစ်အောင် ထိန်းထားတဲ့ ဆေးတွေရှိပါတယ်၊ အိမ်တစ်အိမ်မှာ ဘီပိုးတစ်ယောက်ရှိရင် ကျန်သုံးယောက်ကို ကူးစက်နိုင်ပါတယ်၊ ၂၀၃၀ ပြည့်နှစ်ဆိုရင် အသည်းရောင်အသားဝါပပျောက်ရေး တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ လုပ်ဆောင်နေပါတယ်၊ ဒီပွဲကနေ လူတိုင်းလူတိုင်း ဘီပိုး၊ စီပိုး၊ အသည်းရောဂါအကြောင်းသိရှိပြီး ကြိုတင်ကာကွယ်ကုသမှုတွေ ပြုလုပ်လာရင် တိုင်းပြည်အတွက် အများကြီးအကျိုးရှိလာမှာပါ" ဟု မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး အသည်းရောဂါပညာဌာနမှ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာဝင်းဝင်းဆွေက ပြောသည်။



အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါအဖွဲ့ကြီးသည် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့သွားရောက်၍ ဆရာဝန်များအား ဆေးပညာနှီးနှောဖလှယ်ပွဲများ ကျင်းပပေးခြင်း၊ ပြည်သူလူထုအား ဟောပြောပို့ချခြင်း၊ ဆေးကုသခြင်းများကို ပြုလုပ်ခဲ့ပြီး ထိုမှတစ်ဆင့် အပြည်ပြည်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများကို နှစ်နှစ်တစ်ကြိမ် ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ယခုနှစ်တွင် ကျင်းပမည့် ပဥ္စမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကြီးသည် အာရှတွင် အကြီးဆုံးနှီးနှောဖလှယ်ပွဲဖြစ်ကြောင်း သိရသည်။

"ဒီပွဲမှာ အဓိကဆွေးနွေးမှာက ခေတ်မီကုထုံးတွေအကြောင်းပါမယ်၊ အစာအိမ်ကင်ဆာ စောစော ဘယ်လိုများသိမလဲ၊ သည်းခြေပြွန်မှာ ဘာရောဂါတွေအဖြစ်များလဲ၊ သည်းခြေပြွန်ရောဂါတွေကို မခွဲမစိတ်ဘဲနဲ့ မှန်ပြောင်းနဲ့ ဘယ်လိုကုမလဲဆိုတာတွေ ဆွေးနွေးပါမယ်၊ ဒီလိုပွဲမျိုးတွေကို အရင်တုန်းက နိုင်ငံခြားမှာသွားတက်ရတယ်၊ ကုန်ကျစရိတ်လည်းများတယ်၊ ဒီမှာကျင်းပတဲ့အခါကျတော့ သက်သာသွားတယ်၊ မြန်မာနိုင်ငံမှာရှိတဲ့ ဆရာဝန်တွေ၊ ဆေးကျောင်းသားတွေ၊ အလုပ်သင်ဆရာဝန်တွေ၊ စိတ်ပါဝင်စားတဲ့သူတွေအားလုံး လက်ရှိဖြစ်ပေါ်နေတဲ့ ကုထုံးတွေအားလုံးကို ဒီနေရာမှာ တစ်ထိုင်တည်းသိသွားမယ်၊ မေးခွင့်ဆွေးနွေးခွင့်လည်းရမယ်၊ ဒီလိုပွဲလုပ်တဲ့အတွက်လည်း ပြည်ပကလာမယ့် ပညာရှင်တွေအနေနဲ့ ကျွန်တော်တို့ရဲ့ လက်ရှိအခြေအနေကို နားလည်လာတယ်၊ ဆေးပညာတင်မကဘဲ အထွေထွေ စီးပွားရေးတွေ၊ အခက်အခဲတွေ နားလည်လာတယ်၊ ရိုးသားဖော်ရွေမှုတွေကိုလည်း သိသွားတယ်၊ အကျိုးကျေးဇူးတွေကတော့ အများကြီးရမှာပါ"ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးတက္ကသိုလ်-၁ အစာအိမ်၊ အူလမ်းကြောင်းဌာနမှ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာသိန်းမြင့်က ပြောသည်။

အဆိုပါပွဲသို့ ပထမနေ့တွင် ပြည်ပမှပါရဂူ ၁၆ ဦးနှင့် ဒုတိယနေ့တွင် ပြည်ပမှ ဖိတ်ကြားထားသော သိပ္ပံပညာရှင်ကမ္ဘာ့ထိပ်သီးပါရဂူ ၃၄ ဦးတို့ ပါဝင်တက်ရောက်မည်ဖြစ်ရာ ပွဲအတွက် လက်မှတ်များကို သတ်မှတ်နေရာများတွင် သာမက Online မှတစ်ဆင့် ဝယ်ယူနိုင်ပြီး လက်မှတ်အစောင်ရေကန့်သတ်ထားကာ လက်မှတ်ဈေးနှုန်းများကို အဖွဲ့ဝင်များအတွက် ကျပ် ၁၀၀,၀၀၀ နှင့် ပြင်ပမှတက်ရောက်မည့်သူများအတွက် ကျပ် ၁၅၀,၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

**သတင်း-အေးမင်းသူ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# ရခိုင်ပြည်နယ်သတင်း

## အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌနှင့် မောင်တောမြို့နယ် ပညာရေးဝန်ထမ်းများ တွေ့ဆုံ

**မောင်တော ဇန်နဝါရီ ၁၀**

အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါ်နော်မြစေးနှင့် ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြို့နယ်ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းအုပ်ကြီးများ တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မောင်တောမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါ်နော်မြစေးက ပညာရေးသည် နိုင်ငံတိုင်းအတွက် အရေးကြီးပါကြောင်း၊ ပညာရေးတိုးတက်ဖွံ့ဖြိုးပါက နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် ကျန်ရှိသည့်ကဏ္ဍများ တိုးတက်ဖွံ့ဖြိုးနိုင်ပါကြောင်း၊ မိမိတို့ အားလုံးသည် ပညာရေးဝန်ထမ်းများဖြစ်ပါကြောင်း၊ မိမိတို့တာဝန်သည်လည်း အင်မတန်မွန်မြတ်သည့် တာဝန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကလေးများအားလုံးအတွက် စေတနာအပြည့်အဝဖြင့် ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မောင်တောမြို့နယ် မြို့နယ်ပညာရေးမှူး ဦးခင်အောင်က ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ် ပညာရေးဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မောင်တောမြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းအုပ်ကြီးများက ပညာရေးနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပညာရေးမြှင့်တင်မှုကော်မတီ အဖွဲ့ဝင်များက ပညာရည်တိုးတက်မှုဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးကြသည်။

အခမ်းအနားသို့ မောင်တောမြို့နယ်အတွင်းရှိ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်း-အောင်ရဲသွင်၊ ဓာတ်ပုံ-ကိုမင်း**





## ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့်သူများ ယာယီနေထိုင်မည့် မြေနေရာအား စက်ယန္တရားများဖြင့် မြေညှိခြင်းလုပ်ငန်း ဆောင်ရွက်

**မောင်တော ဇန်နဝါရီ ၁၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့်သူများ ယာယီနေထိုင်ရန်အတွက် လှဖိုးခေါင်ကျေးရွာအုပ်စုအတွင်း အဆောက်အအုံဆောက်လုပ်မည့် မြေနေရာအား စက်ယန္တရားများဖြင့် မြေညှိခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့ မွန်းလွဲပိုင်းက မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

"ဘင်္ဂလားဒေ့ရှ်ဘက် ထွက်သွားတဲ့သူတွေကို ပြန်လည်လက်ခံရေးအတွက် ငါးခူရရနဲ့ တောင်ပြိုလက်ဝဲမှာ စိစစ်လက်ခံမယ်၊ ပြီးရင် အခု လုပ်ငန်းဆောင်ရွက်နေတဲ့ အဆောက်အအုံတွေမှာ ယာယီထားမယ်"ဟု မြေညှိလုပ်ငန်းဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ မောင်တောခရိုင်အုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါ မြေညှိခြင်းလုပ်ငန်းကို 25th Group မှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ဇန်နဝါရီ ၇ ရက်မှစတင်၍ ဘက်ဟိုး ရှစ်စီး၊ ဘူဒိုဇာ လေးစီးဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-ကိုမင်း**
**ဓာတ်ပုံ-အောင်ရဲသွင်**

## ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်းပတ်ဝန်းကျင်ရှိ ရွှေရင်အေး(တိုင်းရင်းသား)ကျေးရွာတွင် ဆိတ် တစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ရန်အောင်မြေ(တိုင်းရင်းသား) ကျေးရွာတွင် နွား တစ်ကောင်နှင့် ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ကပ္ပကောင်း(တိုင်းရင်းသား)ကျေးရွာတွင် ဆိတ် တစ်ကောင်တို့အား ကာကွယ်ဆေးကုသဆောင်ရွက်ပေးပြီး စုစုပေါင်း စခန်း သုံးခု ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွား တစ်ကောင်နှင့် ဆိတ်နှစ်ကောင်တို့အား ကာကွယ်ဆေးကုသဆောင်ရွက်ပေးခဲ့ရာ ယနေ့အထိ စခန်းသုံးခုပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၇၆ ကောင်နှင့် ဆိတ် ၇၄၃ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များကြောင့် ပိတ်ထားရသော အခြေခံပညာကျောင်းများ ဆက်လက်ဖွင့်လှစ်သွားမည်

**နေပြည်တော် ဇန်နဝါရီ ၁၀**

မောင်တောဒေသတွင် ဩဂုတ် ၂၅ ရက် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်းနှင့် အခြေခံပညာ မူလတန်းကျောင်း စုစုပေါင်း ကျောင်း ၆၅၀ ရှိသည့်အနက် ၄၂၄ ကျောင်းကို ပိတ်ထားခဲ့ရာမှ ကျောင်း ၄၆ ကျောင်း ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

### ၉၅ ကျောင်း ကျန်ရှိ

မောင်တောမြို့နယ်အတွင်း ၉၈ ကျောင်း၊ ဘူးသီးတောင်မြို့နယ်အတွင်း ၁၇၅ ကျောင်းနှင့် ရသေ့တောင်မြို့နယ်အတွင်း ၁၀ ကျောင်း စုစုပေါင်း ၂၈၃ ကျောင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ကျောင်းသားကျောင်းသူများ ပြန်လည်ပညာသင်ကြားလျက်ရှိကာ မောင်တောဒေသအတွင်း ၄၆ ကျောင်း ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် ဖွင့်လှစ်နိုင်ခြင်းမရှိသေးသည့် ကျောင်း စုစုပေါင်း ၉၅ ကျောင်း ကျန်ရှိနေကြောင်း သိရသည်။

**သတင်းစဉ်**

၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် ပိတ်ထားခဲ့ရသော အခြေခံပညာကျောင်းများအား ပြန်လည်ဖွင့်လှစ်ပြီး အခြေအနေ
(၃-၁-၂၀၁၈ ရက်နေ့အထိ)

| စဉ် | အကြောင်းအရာ | မောင်တော မြို့နယ် | ဘူးသီးတောင် မြို့နယ် | ရသေ့တောင် မြို့နယ် | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | စာရင်းရှိ | ၁၈၃ | ၂၁၁ | ၂၅၆ | ၆၅၀ | |
| | (က) အထက်တန်း | ၁၆ | ၁၀ | ၁၃ | ၃၉ | |
| | (ခ) အလယ်တန်း | ၁၀၉ | ၁၀၇ | ၉၉ | ၃၁၅ | |
| | (ဂ) မူလတန်း | ၅၈ | ၉၄ | ၁၄၄ | ၂၉၆ | |
| ၂ | ပြန်လည်ဖွင့်လှစ်ပြီးကျောင်းများ | ၉၈ | ၁၇၅ | ၁၀ | ၂၈၃ | |
| | (က) အထက်တန်း | ၁၄ | ၁၀ | ၂ | ၂၆ | |
| | (ခ) အလယ်တန်း | ၄၀ | ၇၂ | ၇ | ၁၁၉ | |
| | (ဂ) မူလတန်း | ၄၄ | ၉၃ | ၁ | ၁၃၈ | |
| ၃ | ထပ်မံဖွင့်လှစ်မည့်ကျောင်း | ၇ | ၃၉ | - | ၄၆ | |
| | (က) အထက်တန်း | - | - | - | - | |
| | (ခ) အလယ်တန်း | ၆ | ၂၉ | - | ၃၅ | |
| | (ဂ) မူလတန်း | ၁ | ၁၀ | - | ၁၁ | |
| ၄ | ဖွင့်လှစ်နိုင်ခြင်းမရှိသေးသည့်ကျောင်း | ၇၈ | ၇ | ၁၀ | ၉၅ | |
| | (က) အထက်တန်း | ၂ | - | - | ၂ | |
| | (ခ) အလယ်တန်း | ၆၂ | ၆ | ၃ | ၇၁ | |
| | (ဂ) မူလတန်း | ၁၄ | ၁ | ၇ | ၂၂ | |

## လေသေနတ် ပြုလုပ်နေသော ဆက်စပ်ပစ္စည်းများနှင့် လေသေနတ်တစ်လက် တွေ့ရှိ



**တိုက်ကြီး ဇန်နဝါရီ ၁၀**
အဖျောက် နယ်မြေစခန်းမှူး ရဲအုပ်မျိုးခိုင်နှင့် ရဲတပ်ဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ လင်းယုန်(၁) စီမံချက်အရ ဇန်နဝါရီ ၉ ရက် ညပိုင်းက အဖျောက်နယ်မြေစခန်းပိုင်အတွင်း၌ လေသေနတ်ပြုလုပ်သူတစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

အဖျောက်မြို့ မိုးကုလားကျေးရွာ ဘောလုံးကွင်းအနီးရှိ နေလင်းအောင် နေအိမ်တွင် လေသေနတ်ပစ်ခတ်နေကြောင်း သတင်းအရ သွားရောက်ရှာဖွေရာ နေအိမ်အတွင်း ပော်လိုပိုက်များဖြင့် ဆက်ထားသော သေနတ်ပုံကြမ်းနှစ်ခု၊ အလျား ၂၈ လက်မ အရှည်ရှိ စတီးပိုက် တစ်ချောင်း ၊ အလျား ၁၃ လက်မရှိ စတီးပိုက်တစ်ချောင်း၊ အလျား ၈ ဒသမ ၅ လက်မရှိ စတီးပိုက်တစ်ချောင်း၊ အလျား ၁၂ လက်မရှိ ဒန်ပိုက် တစ်ချောင်း၊ အလျား ၅ ဒသမ ၅ လက်မရှိ ငါးမူးပော်လိုပိုက် တစ်ချောင်း၊ သံနုတ်တူအသေးတစ်လက်၊ ဆေးမှုတ်ဂန်းတစ်ခု၊ အစမ်းလေ့ကျင့်ပစ်ခတ်ထားသော စတီးဇလုံတစ်လုံးနှင့် shark တစ်ဘူးကို သိမ်းဆည်းရမိခဲ့သည်။ ၎င်းပြုလုပ်ထားသော လေသေနတ်မှာ အိမ်နီးချင်းဖြစ်သူ ငြိမ်းချမ်း၏နေအိမ်အနောက်ဘက် ခြံစည်းရိုးအနီးတွင် ဝှက်ထားကြောင်း နေလင်းပြောကြားချက်အရ သက်သေများနှင့်အတူ သွားရောက်ရှာဖွေရာ အလျား ၃၉ လက်မ သစ်သားဒင်ရိုးတပ်သေနတ်တစ်လက်နှင့် ဘောစေ့ကျည် ၁၄ လုံးတို့ကို တွေ့ရှိခဲ့သည်။ တရားဝင်ခွင့်ပြုချက်မရှိဘဲ သစ်သားဒင်ရိုးတပ် လေဖြင့်ပစ်ခတ်ရသော လုပ်သေနတ်များ လက်ဝယ်ထားရှိသူ နေလင်းအောင်အား အဖျောက်နယ်မြေစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

## မိုင်းဆတ်၌ ကျပ် သိန်း ၃၉၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွဆေးနှင့်လက်နက်များ သိမ်းဆည်းရမိ



**မိုင်းဆတ် ဇန်နဝါရီ ၁၀**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်၌ ငွေကျပ်သိန်း ၃၉၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်နက်များ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၈ ရက် နံနက် ၂ နာရီခွဲခန့်က မိုင်းဆတ်မြို့နယ် လွယ်လန်းကျေးရွာအုပ်စု လွယ်လတ်တန်နှင့် ချောင်းဆုံတပ်စခန်းကြားတွင် ခါတ်မီးရောင် ငါးလက်ခန့်တွေ့ရှိ၍ နယ်မြေလုံခြုံရေးဆောင်ရွက်နေသော တပ်မတော်သားများက သွားရောက်ရှင်းလင်းဆောင်ရွက်စဉ် လူခုနစ်ဦးကို တွေ့ရှိရပြီး ၎င်းတို့သယ်ဆောင်လာသည့် အစိမ်းရောင်ကျောပိုးအိတ်လေးလုံးအတွင်းမှ ပလတ်စတစ်ကပ်ခွာအိတ်ငယ်များ အတွင်းထည့်လျက် WY စာတန်းပါပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ အိတ်ငယ် ၁၀ အိတ်ကို ပလတ်စတစ်အိတ်ငယ်အတွင်းထည့်လျက် ပလတ်စတစ်အိတ်ထုပ် ၁၉၅ ထုပ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀ ပါ ပလတ်စတစ်အိတ်ထုပ်တစ်ထုပ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၃၉၁၁၀၀ (ကာလတန်ဖိုးငွေကျပ် ၃၉၁၁၀၀၀၀၀)၊ M-22 သေနတ်သုံးလက်၊ ကျည်အိမ်သုံးခု၊ ၎င်းကျည် ၆၃ တောင့်နှင့် ထိုင်းဆင်းကတ်ပါ လက်ကိုင်ဖုန်းသုံးလုံးတို့အား သိမ်းဆည်းရမိခဲ့သဖြင့် မြို့မရဲစခန်းသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်နက်ခဲယမ်းများ လက်ဝယ်တွေ့ရှိသူ ယားသိ(ဘ) ဦးကျမူး ဟွေခတ်ရွာ၊ ကျဗူး(ဘ)ဦးဘူလား ဟွေပူရွာနှင့် ကျဟဲ(ဘ)ဦးကျကျိုး၊ ဇော်မှိုင်း(ဘ) ဦးဝင်းသာ၊ ကျဖေး(ဘ)ဦးကျဝ၊ ကျခတ်ပယ် (ဘ)ဦးကျခဲ၊ ပါလဲ(ဘ) ဦးကျန ကျမူးရွာနေသူတို့အား မိုင်းဆတ်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းဇော်(မိုင်းဆတ်)**

## ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဇန်နဝါရီ ၁၀**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၉၂ စီး၊ သွင်းကုန် ၉၈၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၆ စီး၊ သွင်းကုန် ၁၀၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၈၀ ဒသမ ၀၇၆ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ကိုးမှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၃ ဒသမ ၆၇၈ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၇ မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၈၃ ဒသမ ၇၅၄ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၉ ရက်တွင် မန္တလေးသို့သွားရောက်မည့် Canter ခြောက်ဘီးယာဉ်ကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် မိုးကာလိပ် ၉၀၀ kg၊ ကော်ဇောလိပ် ၂၉၈၀ kg၊ စားပွဲခင်း ၁၂၀၀ kg နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆ ဒသမ ၁၂၀ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**

## ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးကို စတင် တရားစွဲဆို

**ရန်ကုန် ဇန်နဝါရီ ၁၀**
မြန်မာနိုင်ငံ အစိုးရ လျှို့ဝှက်ချက် အက်ဥပဒေဖြင့် ဖမ်းဆီးခံရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တရားရုံး၌ ရုံးထုတ်ပြီး စတင်တရားစွဲဆိုမှုအပေါ် တရားစွဲဆိုခံရသူတို့ဘက်မှ အာမခံလျှောက်ထားကြောင်း အဆိုပါ တရားရုံးမှ သိရသည်။

ယနေ့ ရုံးထုတ်မှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တရားရုံးမှ သတင်းပြန်ကြားရေး အရာရှိ ဒုတိယ ခရိုင်တရားသူကြီး(၆) ဦးရဲလွင်က "ဒီကနေ့ ကျွန်တော်တို့တရားရုံးကို စွဲဆို တင်ပို့တဲ့ ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီး အမှုအမှတ် (၄) မှာတော့ သက်ဦးမောင်(ခေါ်)ဝလုံးနဲ့ ကျော်စိုးဦး(ခေါ်) မိုးအောင်တို့နှစ်ဦးကို မြန်မာနိုင်ငံ အစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေ ပုဒ်မ ၃(၁)(ဂ) အရ တရားစွဲဆို တင်ပို့တဲ့အမှုကို လက်ခံရရှိပါတယ်၊ သူတို့နှစ်ဦးရဲ့ ရှေ့နေတွေကနေပြီးတော့ ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၉၇ /၂ အရ အမှုအတောအတွင်း အချုပ်လွတ် ထုချေခွင့် အာမခံ လျှောက်ထားပါတယ်" ဟု ပြောကြားသည်။

အဆိုပါ တရားစွဲဆိုခံရသူ ရိုက်တာသတင်းထောက်နှစ်ဦးမှာ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် နယ်မြေရဲစခန်းက (ပ) ၁၂၉၈/၂၀၁၇၊ ၁၉၂၃ ခုနှစ်၊ မြန်မာနိုင်ငံ အစိုးရ လျှို့ဝှက်ချက် အက်ဥပဒေ ပုဒ်မ ၃(၁)(ဂ) တို့ဖြင့် ဒုတိယရဲမှူးကြီးယုနိုင်က တရားလိုအဖြစ် အမှုဖွင့်လှစ်ပြီး အမှုနှင့်ပတ်သက်၍ တရားစွဲဆိုနိုင်ရန်အတွက် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်နှင့် ၂၇ ရက်တို့တွင် မင်္ဂလာဒုံမြို့နယ် တရားရုံး၌ ချုပ်ရက် (ရမန်)များ ရယူခဲ့ကာ ယနေ့ နံနက်ပိုင်းတွင် မြောက်ပိုင်းခရိုင်တရားရုံးတွင် စတင် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

အဆိုပါအမှုကို ဆက်လက်ကြားနာစစ်ဆေးနိုင်ရန်အတွက် မြောက်ပိုင်းခရိုင်တရားရုံးက ဇန်နဝါရီ ၂၃ ရက်သို့ ချိန်းဆိုလိုက်ပြီး ယင်းနေ့တွင် အမှုမှ တရားလိုဖြစ်သူ ဒုတိယရဲမှူးကြီးယုနိုင်ကို စတင်စစ်ဆေးနိုင်ရန်အတွက် တရားရုံးမှ ရဲပုံစံ (၁၀၄) သမ္မန်စာ ပုံစံကို တရားလိုဘက်သို့ ထုတ်ဆင့်ဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါ တရားရုံးမှ သိရသည်။ **ဇော်ကြီး**

## အင်းလေးတွင် နိုင်ငံခြားသားဧည့်သည်များလိုက်ပါလာသည့် စက်လှေတိုက်မိမှုဖြစ်ပွား၊ ထိခိုက်ဒဏ်ရာရရှိမှု မရှိ

**ညောင်ရွှေ ဇန်နဝါရီ ၁၀**
အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားကျောင်းတော် မြောက်ဘက်မုခ်ရေပြင်၌ ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီခန့်က အင်းပေါခုံကျေးရွာနေ ကိုသားငယ် မောင်းနှင်လာသော နိုင်ငံခြားသားခရီးသွား နယ်သာလန်နိုင်ငံသား နှစ်ဦး၊ ဗြိတိန်နိုင်ငံသားနှစ်ဦး တင်ဆောင်လာသည့် စက်လှေ(ညရ/၃၂၃၂) နှင့် နန်းဟူးကျေးရွာနေ ကိုအောင်အောင်ဦး မောင်းနှင်လာသည့် စက်လှေတို့ တိုက်မိရာ စက်လှေတိမ်းမှောက်သွားသော်လည်း နိုင်ငံခြားသားခရီးသွားဧည့်သည်များ အပါအဝင် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မုံရွာခရိုင်တရားရုံးအချုပ် ဖောက်ထွက်ပြေးသူ လေးဦးမှ တစ်ဦးပြန်မိ

**မုံရွာ ဇန်နဝါရီ ၁၀**
မုံရွာခရိုင်တရားရုံးအချုပ် ဖောက်ထွက်ပြေးသူ တရားခံလေးဦးမှ တစ်ဦးကို ဇန်နဝါရီ ၉ ရက် ည ၁၀ နာရီခွဲက ဖမ်းဆီးရမိကြောင်း မုံရွာမြို့မရဲစခန်းမှူး ဒုရဲမှူးကျင်စိန်ထံမှ သိရသည်။

"၂၀၁၇ခုနှစ် အောက်တိုဘာ ၃၁ ရက် ညနေ ၄ နာရီလောက်က မုံရွာခရိုင်တရားရုံးအချုပ်က ထွက်ပြေးလွတ်မြောက်သွားတဲ့ မုံရွာခရိုင်တရားရုံးရာကြီးမှုအမှတ် ၄၄/ ၂၀၁၇၊ မူး/စိတ်ပုဒ်မ-၁၅/၁၉(က)/၂၁ အမှုမှ တရားခံ နောင်ရဲကို နန္ဒဝန်ရပ်က ယောက္ခမအိမ်ရောက်နေတယ်ဆိုတဲ့ သတင်းအရ မုံရွာမြို့မစခန်း မုံရွာခရိုင်မှုခင်းနှိမ်နင်းရေး စတဲ့အဖွဲ့တွေပူးပေါင်းပြီး သွားဖမ်းခဲ့တာပါ၊ ၎င်းနဲ့အတူထွက်ပြေးတိမ်းရှောင်နေတဲ့ တရားခံတွေကို သိရှိနိုင်ဖို့ စစ်ဆေးတာတွေလုပ်နေပါတယ်" ဟု ဒုရဲမှူးကျင်စိန်က ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## စပါးခြွေလှေ့စက်ညပ်မိ၍ အမျိုးသားတစ်ဦးသေဆုံး

**ညောင်လေးပင် ဇန်နဝါရီ ၁၀**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် တော်ပသီကျေးရွာ၌ ဇန်နဝါရီ ၉ ရက် ညနေပိုင်းက အမျိုးသားတစ်ဦး စပါးခြွေလှေ့စက်ညပ်မိသောကြောင့် ခြေထောက်တစ်ဖက်ကြေမွပျက်စီးပြီး ဆေးရုံသို့ပို့ဆောင်စဉ် လမ်းတွင်သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ တော်ပသီကျေးရွာ အရှေ့ဘက်ရှိ ကွင်းအမှတ်(၂၀၄-က) ဦးကြည်စိုး(၄၆)နှစ်ပိုင် လယ်ကွက်ထဲတွင် တစ်ရွာတည်းနေ စပါးခြွေလှေ့စက်ပိုင်ရှင် ဦးနိုင်စိုးက မောင်းနှင်ပြီး ဦးကြည်စိုးက စက်ထဲသို့စပါးကောက်လှိုင်းများ ထည့်သွင်းနေစဉ် ဝဲဘက်ခြေထောက်အား စက်ညပ်မိပြီး ခြေထောက်တစ်ခုလုံး ကြေမွဒဏ်ရာများရရှိသဖြင့် ပဲခူးဆေးရုံသို့ အချိန်မီကုသရန် ပို့ဆောင်စဉ် လမ်းခရီး၌သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စပါးခြွေလှေ့စက်ပိုင်ရှင် ဦးနိုင်စိုးအား ညောင်လေးပင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# လူကာကူ အဲဗာတန်မှ ထွက်ခွာသွားရခြင်းအကြောင်းရှင်း



တိုက်စစ်မှူး လူကာကူအနေဖြင့် ဘာသာရေးယုံကြည်ချက်နှင့်ဆိုင်သည့် စာတိုတစ်စောင်ကို လက်ခံရရှိခဲ့ပြီးနောက် အဲဗာတန်ကို ကျောခိုင်းခဲ့ရခြင်းဖြစ်ကြောင်း အဲဗာတန်အဓိက ရှယ်ယာရှင်များ အစည်းအဝေးတွင် မိုရှီရီ၏ ထုတ်ဖော်ပြောကြားချက်အရ သိရသည်။ အစည်းအဝေးတွင် ရှယ်ယာရှင်များက အဲဗာတန်အသင်းမှ လူကာကူ ထွက်ခွာရခြင်းအကြောင်းကို မေးမြန်းခဲ့ရာ မိုရှီရီက ငွေကြေးကြောင့်မဟုတ်ဘဲ အာဖရိကသို့ ဘာသာရေးခရီးသွားရမည့်အတွက်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

မိုရှီရီက "ကျွန်တော်တို့ လူကာကူနဲ့ စာချုပ်သစ် ချုပ်ဖို့ တွေ့ဆုံချိန်မှာ သူက အာဖရိကကို ဘုရားဖူးသွားနေတဲ့ သူ့အမေကို သွားခေါ်စရာရှိတယ်လို့ ပြောခဲ့တယ်၊ ပြီးတော့ သူက အာဖရိကန်ဘာသာရေးယုံကြည်ချက်အခြေခံတဲ့ မက်ဆေ့တစ်စောင်ကို ရခဲ့တာ ဖြစ်တယ်၊ အဲဒီမှာ သူ့ကို ချယ်လ်ဆီးသွားရမယ်လို့ ပါရှိတာ ဖြစ်တယ်"ဟု ဖြေကြားခဲ့ခြင်းဖြစ်သည်။

ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးက သူ့ကို ကမ်းလှမ်းမှုပြုခဲ့သော်လည်း ကစားသမားက မန်ယူကိုသာ ရွေးချယ်သွားခဲ့ခြင်းဖြစ်သည်။ လူကာကူ၏ အေးဂျင့်ရှိုင်လိုလာက ပြီးခဲ့သည့်မတ်လကပင် လူကာကူအနေဖြင့် အဲဗာတန်တွင် ဆက်နေရန် ၉၉ ဒသမ ၉၉ ရာခိုင်နှုန်း သေချာသည်ဟု အာမခံချက်ပေးခဲ့သော်လည်း ဇူလိုင်လအရောက်တွင် လူကာကူက မန်ယူသို့ ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်သည်။

မိုရှီရီက "ကျွန်တော်က ဒီကိစ္စရပ်အပေါ် ယုံကြည်မှုသိပ်မရှိဘူးဆိုရင် သူ့ကို ဘယ်လို ကမ်းလှမ်းမှု ပြုမယ်ဆိုတာပြောတယ်၊ ကျွန်တော်တို့ဘက်က သူ့ကို ချယ်လ်ဆီးထက် ကောင်းတဲ့ ကမ်းလှမ်းမှု ပြုခဲ့တယ်၊ ဒါပေမယ့် ကျွန်တော့်အနေနဲ့ လူကာကူတုန်းကလို ဘာကလေကို ဒီမှာ ဆက်နေဖို့ အချိန်အကြာကြီး မသုံးခဲ့ဘူး"ဟု ဆိုခဲ့သည်။ မိုရှီရီက လူကာကူ ဆက်နေရန်အတွက် နွေကာလနှစ်ခုကြာအောင် စည်းရုံးခဲ့သေးသော်လည်း နောက်ဆုံးတွင် မအောင်မြင်ဘဲ မန်ယူသို့ ပေါင် ၇၅ သန်းဖြင့် ထုတ်ရောင်းခဲ့ရသည်။ ထို့ပြင် လူကာကူနှင့် စာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးချိန်တွင် အမှုဆောင်ချုပ် အယ်လ်စတုန်းရှိနေခဲ့သလို အပြင်ဘက်တွင်လည်း သတင်းထောက်အချို့ စောင့်ဆိုင်းနေကြကြောင်း မိုရှီရီ၏ ပြောကြားချက်အရ သိရသည်။

အီရန်ဘီလျံနာသူဌေးကြီး မိုရှီရီက အဲဗာတန်အသင်း၏ ကြွေးမြီများကို ရှင်းလင်းရန် သူ၏ ကိုယ်ပိုင်ငွေထဲမှ ပေါင်သန်း ၁၅၀ ကို စိုက်ထုတ်သုံးစွဲခဲ့သလို အဲဗာတန်တွင် လူကာကူ ဆက်နေရန်အတွက် များပြားသည့် လစာနှုန်းထားဖြင့် ကမ်းလှမ်းမှုပြုခဲ့ခြင်းဖြစ်သည်။ မိုရှီရီသည် အဲဗာတန်၏ အဓိကရှယ်ယာရှင် ဖြစ်နေသည်မှာ အချိန်ကာလ အတော်ကြာပြီ ဖြစ်သည်။ မိုရှီရီက လူကာကူမှာ သူ၏သူငယ်ချင်းဖြစ်သူ ပေါ့ဘာနှင့် လော့စ်အိန်ဂျလိစ်တွင် တွေ့ဆုံချိန်တွင် အဲဗာတန်မှ ထွက်ခွာမည်ဆိုသည်မှာ သေချာခဲ့ကြောင်း ဆိုခဲ့သည်။

# ဘာစီလိုနာပရိသတ်များနှင့် မိတ်ဆက်အခမ်းအနားတွင် ကော်တင်ဟို ဆံပင်ညှပ်ထားမှုအပေါ် နေမာ ပြက်ရယ်ပြု




ကမ္ဘာ့ပြောင်းရွှေ့ကြေး အမြင့်မားဆုံးကစားသမားက ဘရာဇီးအသင်းဖော်ဖြစ်တဲ့ ကော်တင်ဟိုကို ဘာစီလိုနာအသင်းဆီ ပြောင်းရွှေ့ခြင်းအပေါ် ဝမ်းမြောက်ကြောင်း ဆိုခဲ့ပေမယ့် ဆံပင်အသစ်စက်စက် ညှပ်ထားမှုကိုတော့ လှောင်ပြောင်မှုပြုခဲ့ပါတယ်။ ကော်တင်ဟိုရဲ့ ဘာစီလိုနာအသင်းဆီ ပေါင် ၁၄၂ သန်းနဲ့ ပြောင်းရွှေ့သွားခဲ့မှုကြောင့် ကမ္ဘာ့တတိယတန်ဖိုးအမြင့်ဆုံးအပြောင်းအရွှေ့လည်း ဖြစ်လာခဲ့ပါတယ်။

နေမာက အင်စတာဂရမ်စာမျက်နှာပေါ်မှာ ကော်တင်ဟိုရဲ့ ဓာတ်ပုံနဲ့အတူ "မင်းအတွက် တကယ်ကို ပျော်ရွှင်ရပါတယ်၊ ကမ္ဘာပေါ်မှာရှိတဲ့ အောင်မြင်မှုတွေ မင်းအတွက်ဖြစ်ပါစေလို့ ကိုယ်ဆန္ဒပြုပါတယ်၊ မင်းလည်း ပျော်နေမယ်ဆိုတာ ကိုယ်သေချာပေါက် သိတယ်၊ ကိုယ့်ကို ပြောစမ်းပါကွာ၊ မင်းဆံပင်က ဖက်ရှင်လား" ဆိုတဲ့ စာသားကိုပါ ရေးသားခဲ့တာဖြစ်ပါတယ်။

ကော်တင်ဟိုရဲ့ ပေါင် ၁၄၂ သန်းနဲ့ လီဗာပူးကနေ ဘာစီလိုနာကို ပြောင်းရွှေ့သွားခြင်းက ဒီရက်သတ္တပတ်ရဲ့ အလှုပ်ရှားဆုံးသတင်းပါ။ ပြီးခဲ့တဲ့ စနေနေ့ လီဗာပူးက ဘာစီလိုနာရဲ့ ပေါင် ၁၄၂ သန်းနဲ့ ကမ်းလှမ်းမှုကို လက်ခံလိုက်ချိန်ကစပြီး ကော်တင်ဟိုရဲ့ သတင်းတွေဟာ မရပ်မနား မီဒီယာစာမျက်နှာတွေပေါ် နေရာယူလာတာပဲဖြစ်ပါတယ်။

## အားကစားသတင်းတိုများ

- မန်စီးတီးသည် ဆန်းချက်ဇ်အတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀ တစ်ပတ်လုပ်ခ ပေါင် နှစ်သိန်းခွဲဖြင့် ကမ်းလှမ်းထားပြီး လာမည့် ရက်သတ္တအတွင်းမှာပင် အဆိုပါ အပြောင်းအရွှေ့မှာ ဖြစ်လာနိုင်ကြောင်း ဒေးလီးမေးသတင်းဌာနက ဖော်ပြခဲ့သည်။
- မန်ယူတိုက်စစ်မှူး အီဗရာဟီမိုဗစ်အနေဖြင့် စာချုပ်သက်တမ်း တစ်နှစ်ရှိနေသော်လည်း ယခု ရာသီမကုန်ခင်မှာပင် မန်ယူမှ ထွက်ခွာရန်ရှိနေကြောင်း သိရသည်။
- ရီးယဲလ်မက်ဒရစ်အသင်းသည် စပါးတိုက်စစ်မှူး ဟယ်ရီကိန်းကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး ကိန်းကလည်း ရီးယဲလ်၏ ကျောနံပါတ်(၁၀)ကို ဝတ်ဆင်ရန် စိတ်အားထက်သန်ကြောင်း စပိန်၏ ရိုဒရီဂိုသတင်းဌာနက ဖော်ပြခဲ့သည်။

# ဝင်းဂါးနှင့် ငြိမ်းချမ်းရေးယူနိုင်သော်လည်း မော်ရင်ဟိုနှင့် ပြဿနာကို မေ့နိုင်မည်မဟုတ်ကြောင်း ကွန်တီ ဖွင့်ဟ

ချယ်လ်ဆီးနည်းပြ ကွန်တီက မော်ရင်ဟိုနှင့် ပြဿနာမှာ ကလပ်အသင်းနှင့်မဆိုင်ဘဲ ပုဂ္ဂိုလ်ရေးဖြစ်လာပြီး ထိုကိစ္စကို မေ့နိုင်မည်မဟုတ်ကြောင်း ဆိုခဲ့သော်လည်း ဝင်းဂါးနှင့်မူ ထိုသို့ မဟုတ်ကြောင်း ဖွင့်ဟခဲ့သည်။ ပြီးခဲ့သည့် နှစ်ပတ်အတွင်း မော်ရင်ဟိုနှင့် ကွန်တီတို့နှစ်ဦးကြား တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ပုတ်ခတ်ပြောကြားမှုများရှိခဲ့ပြီးနောက် ကွန်တီက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

မော်ရင်ဟိုက သူ့တွင် ပွဲစဉ်ကို ပြင်ဆင်ခြင်းကြောင့် ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရခြင်း မရှိဘူးဟူသော စကားဖြင့် ကွန်တီအပေါ် တိုက်ရိုက်ထိုးနှက်ခဲ့သလို ကွင်းဘေးတွင် ပွဲကို ကြီးကြပ်နေသည့် ကွန်တီမှာ လူရွှင်တော်တစ်ဦးနှင့် အလားသဏ္ဌာန်တူသည်ဟု ဆိုခဲ့ရာ ကွန်တီဘက်ကလည်း မော်ရင်ဟိုမှာ စပါယ်ရှယ်ဝမ်းမဟုတ်ဘဲ သာမန်လူတစ်ဦးသာဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။

ဇန်နဝါရီ ၉ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ကွန်တီက "သူက သိပ်ကို လွန်ကြူးတဲ့စကားတွေကို သုံးလေ့ရှိတယ်၊ ဒီအတွက် ကျွန်တော်ဘယ်တော့မှ မေ့မှာ မဟုတ်ဘူး" ဟု မော်ရင်ဟိုနှင့်ပတ်သက်ပြီး ထည့်သွင်းပြောကြားခဲ့သည်။ ကွန်တီက ဝင်းဂါးနှင့် သူ့ကြားတွင် အမုန်းတရားမရှိကြောင်း "ကျွန်တော်က ဘယ်သူ့ကိုမှ မမုန်းပါဘူး၊ ဒါပေမယ့် ကျွန်တော် အာစင်(ဝင်းဂါး) အပေါ် မှတ်ချက်ပေးလိုပါတယ်၊ ဘာလို့လဲဆိုရင် သူက ကျွန်တော့်ကစားသမားကို တိုက်ရိုက်အမည်တပ်ခဲ့လို့ပါ၊ ဒါပေမယ့် ကျွန်တော်က နည်းပြ တစ်ဦးချင်းစီရဲ့ အမြင်ကို လေးစားပါတယ်"ဟု ဆိုခဲ့သည်။ ဇန်နဝါရီ ၄ ရက်က ယှဉ်ပြိုင်ခဲ့သည့် ပရီမီယာလိဂ်ပြိုင်ပွဲတွင် အာဆင်နယ်က ပင်နယ်တီပေးခဲ့ရရာ ဝင်းဂါးက ထိုအတွက် ဟာဇက်ကို ပင်နယ်တီ လိမ်ယူခဲ့သည်ဟု စွပ်စွဲခဲ့ခြင်းဖြစ်သည်။

မေလဲ့သင်း – ရေးသားသည်




# ပရီမီယာလိဂ်အသင်းအများစုထက် ဘရစ္စတိုးစီးတီး ပိုကောင်းဟု ဂွါဒီယိုလာ ချီးကျူး

ကာရာဘရိုဖလား ဆီမီးဖိုင်နယ်အဆင့်တွင် တွေ့ဆုံနေသည့် ဘရစ္စတိုးစီးတီးအသင်းမှာ ပရီမီယာလိဂ်အသင်းအချို့ထက်ပင် ကောင်းသည်ဟု မန်စီးတီးနည်းပြ ဂွါဒီယိုလာက ချီးကျူးခဲ့ကြောင်း ဘရစ္စတိုးစီးတီးနည်းပြ လီဂျွန်ဆန်က ပြန်လည်ဖောက်သည်ချသွားခဲ့သည်။ ချန်ပီယံရှစ်အသင်း ဘရစ္စတိုးသည် မန်စီးတီး၏ အိမ်ကွင်း အီတီဟက်ဒ်ကွင်းမှာပင် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး နာကျင်အချိန်ပိုတွင် တိုက်စစ်မှူး အဂွဲရိုး၏ သွင်းဂိုးကြောင့်သာ ပွဲအပြီးတွင် ကျဉ်းမြောင်းသည့် နှစ်ဂိုး-တစ်ဂိုး ရလဒ်ဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဘရစ္စတိုးစီးတီးနည်းပြ လီဂျွန်ဆန်က သူတို့အနေဖြင့် ပထမအကျော့တွင် အဂွဲရိုး၏ နောက်ကျသွင်းဂိုးဖြင့် အရေးနိမ့်ခဲ့သော်လည်း ကာရာဘရိုဖလား ဗိုလ်လုပွဲအိပ်မက်အတွက် တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ကြွေးကြော်ခဲ့သလို သူတို့အသင်းမှာ ပရီမီယာလိဂ်အသင်းများဖြစ်သည့် ဝက်ဖို့ဒ်၊ စတုတ်၊ ခရစ္စတယ်ပဲလေ့စ်နှင့် မန်ယူတို့ကို အနိုင်ကစားပြီး ယခုအဆင့်သို့ တက်လာခြင်းဖြစ်ကြောင်းလည်း သတိပေးပြောကြားခဲ့သည်။

ဂွါဒီယိုလာက "ဘရစ္စတိုးကို အမှတ်ပြည့်ပေးလိုပါတယ်၊ စုစည်းမှုမရှိဘဲ ကစားသမားကောင်းတွေမရှိဘဲ ဘယ်လိုလုပ် ပရီမီယာလိဂ်အသင်းလေးသင်းကို ဖြတ်ကျော်နိုင်မလဲ၊ ဘရစ္စတိုးကွင်းမှာတော့ ခက်ခဲမှုကြုံတွေ့ရပါလိမ့်မယ်၊ ကျွန်တော်တို့ဟာ ပြီးခဲ့တဲ့နှစ် ဟက်ဒါဖီးလ်၊ ဝုဖ်တို့ကို ရင်ဆိုင်ခဲ့တုန်းက သိပ်ကိုခက်ခဲခဲ့တယ်"ဟု ယင်းအခြေအနေကို ကြိုတွက်ထားပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ဂွါဒီယိုလာက ချန်ပီယံရှစ်မှာ ၄၆ ပွဲယှဉ်ပြိုင်ရသလို ပြိုင်ပွဲပြီးလျှင်လည်း ပြန်ကန်ပွဲစဉ်ကစားပြီးမှ ပရီမီယာလိဂ်သို့ တန်းတက်ရသည့်စနစ်ကြောင့် ကမ္ဘာပေါ်တွင် အခက်ခဲဆုံး ဒုတိယတန်းပြိုင်ပွဲဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ လစ်လပ်ခြင်း**

၃၀၈။(က) ဤဥပဒေတွင် ဖော်ပြပါရှိသည့် ကိစ္စရပ်များအတွက် တရားရုံးက ကုမ္ပဏီများကို ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့်အခါ "တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံ ထိန်းသိမ်းသူ" ဆိုသည်မှာ တရားရုံးတွင် တွဲဖက်တာဝန်ထမ်းဆောင်နေသည့် တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူကိုဆိုသည်။ သို့မဟုတ် အဆိုပါ တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူမရှိခဲ့လျှင် ပြည်ထောင်စုဝန်ကြီးက ဤကိစ္စရပ်အတွက် နိုင်ငံတော်ပြန်တမ်းတွင် အမိန့်ကြော်ငြာစာဖြင့် ထည့်သွင်းဖော်ပြ၍ ခန့်အပ်ထားသည့် ပုဂ္ဂိုလ်တစ်ဦးဦးကိုဆိုလိုသည်။

(ခ) ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်ကို ချမှတ်သည့်အခါတွင် တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူသည် ကုမ္ပဏီ၏ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဖြစ်စေရမည့်အပြင် တရားရုံး၏ အမိန့်တစ်ရပ်ရပ်ဖြင့် ရပ်စဲခြင်း မပြုသည်အထိ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဆက်လက်ဆောင်ရွက်ရမည်။

(ဂ) တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူသည် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးအဖြစ် ကုမ္ပဏီ၏ စာရင်းစာအုပ်များ၊ စာရွက်စာတမ်းများနှင့် ရရန်ပိုင်ခွင့်များအားလုံးကို ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး အဆိုပါ ထိန်းသိမ်းထားရှိသည့် ပစ္စည်းများအားလုံးကို ကြီးကြပ်ဆောင်ရွက်ခွင့်ရှိသည်။

(ဃ) တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူသည် တရားရုံးက သတ်မှတ်ပေးသည့် အခကြေးငွေကို ခံစားခွင့်ရှိသည်။

**ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်၏ မိတ္တူကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရခြင်း**

၃၀၉။(က) ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်တစ်ရပ်ကို ချမှတ်သည့်အခါတွင် ကုမ္ပဏီဖျက်သိမ်းပေးရန် တရားစွဲဆိုသည့်အမှုမှ လျှောက်ထားသူနှင့် ကုမ္ပဏီတို့သည် အဆိုပါအမိန့်အား ချမှတ်သည့် နေ့ရက်မှ တစ်လအတွင်း ထိုအမိန့်၏မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရန် တာဝန်ရှိသည်။

(ခ) ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်၏ မိတ္တူတစ်စောင်ကို တင်ပြသည့်အခါတွင် မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီနှင့်သက်ဆိုင်သည့် စာရင်းစာအုပ်တွင် အဆိုပါ အချက်အလက်အား မှတ်တမ်းတင်ထားရှိရမည့်အပြင် အဆိုပါအမိန့်အား ချမှတ်ခဲ့ပြီးဖြစ်ကြောင်း နိုင်ငံတော် ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သည့် အခါမှတစ်ပါး အဆိုပါအမိန့်သည် ကုမ္ပဏီ၏ ဝန်ထမ်းများသို့ ပေးပို့သည့်အကြောင်းကြားစာအဖြစ် မှတ်ယူရမည်။

**ကုမ္ပဏီဖျက်သိမ်းခြင်းကို ဆိုင်းငံ့ထားနိုင်သည့် တရားရုံး၏ အခွင့်အာဏာ**

၃၁၀။ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် စစ်ဆေးဆောင်ရွက်မှုများအားလုံးကို ဆိုင်းငံ့ထားသင့်ကြောင်း မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးက လျှောက်ထားတင်ပြလာလျှင် သို့မဟုတ် ထိုသို့ဆိုင်းငံ့ထားသင့်ကြောင်း တရားရုံးက ကျေနပ်လက်ခံနိုင်သည့် အထောက်အထားများရှိလျှင် တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်ကို ချမှတ်ပြီးနောက် မည်သည့်အချိန်တွင်မဆို တရားရုံးက သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များဖြင့် အားလုံးကိုဖြစ်စေ သို့မဟုတ် သတ်မှတ်ကာလ တစ်ရပ်ရပ်အတွက်ဖြစ်စေ တရားစွဲဆိုဆောင်ရွက်မှုများကို ဆိုင်းငံ့ထားရန် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

**မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒကို တရားရုံးက လက်ခံပေးနိုင်ခြင်း**

၃၁၁။တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စရပ်အားလုံးတွင် လုံလောက်သည့် အထောက်အထားတစ်ရပ်ရပ်ဖြင့် ၎င်းထံတင်ပြစေနိုင်သကဲ့သို့ မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒများကို ထည့်သွင်းစဉ်းစားနိုင်သည်။

**တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ**

**တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ခန့်အပ်ခြင်း**

၃၁၂။(က) ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် တရားစွဲဆိုဆောင်ရွက်မှုများကို ပြုလုပ်ရန်အတွက် လည်းကောင်း၊ တရားရုံးက ချမှတ်မည့် တာဝန်များကို ထမ်းဆောင်ရန်အတွက်လည်းကောင်း၊ တရားရုံးသည် တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူမှအပ အခြားသူတစ်ဦးဦး သို့မဟုတ် အခြားသူများကို တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိတစ်ဦး သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအဖြစ် ခန့်အပ်နိုင်သည်။

(ခ) တရားရုံးသည် တင်ပြလျှောက်ထားမှု တစ်ရပ်ရပ်ကို လက်ခံရရှိပြီးနောက် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်ကို ချမှတ်ခြင်းမပြုရသေးမီ မည်သည့်အချိန်တွင်မဆို အဆိုပါ ခန့်အပ်မှုကို ယာယီအားဖြင့် သတ်မှတ်နိုင်သည်။ သို့သော် တရားရုံးသည် အကြောင်းကြားစာ မပေးပို့သင့်ကြောင်း မှတ်တမ်းတင်ထားနိုင်သည့် အကြောင်းအချက်များမရှိမှသာ အဆိုပါ ခန့်အပ်မှုအား မပြုလုပ်မီ ကုမ္ပဏီသို့ အကြောင်းကြားစာပေးပို့ရမည်။

(ဂ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား တစ်ဦးထက် ပိုမို၍ခန့်ထားခဲ့လျှင် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဤဥပဒေအရဆောင်ရွက်မှု တစ်စုံတစ်ရာကို ပြုလုပ်ရန်လိုအပ်ခြင်း သို့မဟုတ် ပြုလုပ်ရန် အခွင့်အာဏာအပ်နှင်းထားခြင်းတို့ကို အဆိုပါ ပုဂ္ဂိုလ်အားလုံးကဖြစ်စေ၊ တစ်ဦးဦးက ဖြစ်စေ၊ အချို့ကဖြစ်စေ မည်သူကပြုလုပ်ရမည်ဖြစ်ကြောင်း တရားရုံးက ကြေညာရမည်။

(ဃ) တရားရုံးသည် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ တစ်ဦးဦးက ၎င်းအားခန့်အပ်မှုနှင့်စပ်လျဉ်း၍ အာမခံချက်တစ်ရပ်ရပ်ထားရှိရန် လိုမလိုနှင့် မည်သည့်အာမခံချက်ကို ထားရှိရမည်တို့ကို ဆုံးဖြတ်နိုင်သည်။

(င) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးအား ခန့်အပ်ပြီးနောက်ပိုင်းတွင် ထိုသို့ ခန့်အပ်မှုနှင့်စပ်လျဉ်းသည့် ချို့ယွင်းချက်တစ်ရပ်ရပ်အား တွေ့ရှိစေကာမူ ၎င်း၏ပြုလုပ် ဆောင်ရွက်ချက်များသည် တရားဝင်စေရမည်။ သို့ရာတွင် ဤပုဒ်မခွဲတွင် ဖော်ပြပါရှိသော မည်သည့် ပြဋ္ဌာန်းချက်ကမျှ ၎င်းအားခန့်အပ်မှုသည်တရားဝင်ခြင်း မရှိကြောင်း ဖော်ပြပြီးနောက်ပိုင်း၌ အဆိုပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ပြုလုပ်ဆောင်ရွက်ချက်များသည် တရားဝင်သည်ဟု မှတ်ယူခြင်းမရှိစေရ။

(စ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လက်ဝယ်ရှိ ရရန်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ပစ္စည်းလက်ခံထိန်းသိမ်းသူတစ်ဦးကို ခန့်အပ်ခြင်းမပြုရ။

**နုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်း၊ လစ်လပ်နေရာများအား ဖြည့်စွက်ခန့်ထားခြင်းနှင့် လျော်ကြေးပေးခြင်း**

၃၁၃။(က) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ တစ်ဦးဦးသည် နုတ်ထွက်ခွင့်ရှိသည် သို့မဟုတ် ခိုင်လုံသည့် အကြောင်းအချက်များ တင်ပြနိုင်လျှင် တရားရုံးက ၎င်းကိုထုတ်ပယ်နိုင်သည်။

(ခ) တရားရုံးက တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတစ်ဦးဦး လစ်လပ်သွားသည့်နေရာတွင် ဖြည့်စွက်ခန့်ထားနိုင်သည်။ လစ်လပ်သည့်နေရာတွင် ထိုသို့ ဖြည့်စွက်ခန့်ထားသည့် ကာလအထိ တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူသည် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ဆောင်ရွက်ရမည်။

(ဂ) တရားရုံးက သင့်သည်ထင်မြင်သည့်အတိုင်း ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့်လည်းကောင်း တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသို့ လစာ သို့မဟုတ် အခကြေးငွေပေးရန် ညွှန်ကြားရမည်။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးထက် ပိုမိုခန့်ထားခဲ့လျှင် တရားရုံးက ညွှန်ကြားသည့် အချိုးအစား ပမာဏအတိုင်း အဆိုပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများထံသို့ အခကြေးငွေကို ခွဲဝေပေးရမည်။

**တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

၃၁၄။တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ၎င်းအားခန့်အပ်ခြင်းနှင့် သက်ဆိုင်သည့်ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်သာ ဖော်ပြရမည်ဖြစ်ပြီး ၎င်း၏ကိုယ်ပိုင်အမည်ဖြင့် ဖော်ပြခြင်း မပြုရ။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ဆောင်ရွက်ရမည့် ကိစ္စရပ်များကို တင်ပြရခြင်း**

၃၁၅။(က) တရားရုံးက ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်တစ်ရပ်ကို ချမှတ်ပြီးသည့်အခါ သို့မဟုတ် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ယာယီအားဖြင့် ခန့်အပ်ပြီးသည့်အခါ တရားရုံးက အခြားအမိန့်တစ်စုံတစ်ရာကို ချမှတ်ရန် လိုအပ်သည်ဟု မယူဆလျှင် အောက်ပါအချက်အလက်များပါဝင်ပြီး ကျမ်းကျိန်ချက်ဖြင့် အတည်ပြုထားသော ကုမ္ပဏီ၏ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ရေးသားဖော်ပြချက်တစ်စောင်ကို တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပြုစုတင်ပြရမည်-

(၁) လက်ဝယ်ရှိ ငွေသားလက်ကျန်ရှင်းတမ်းနှင့် ဘဏ်ရှိ ငွေသားစာရင်းများရှိခဲ့လျှင် ၎င်းငွေသားစာရင်းများကို သီးခြားစီဖော်ပြလျက် ကုမ္ပဏီ၏ရရန်ပိုင်ခွင့်များ၊

(၂) ကြွေးမြီများနှင့် တာဝန်ရှိမှုများ၊

(၃) အာမခံထားရှိသော ကြွေးမြီများနှင့် အာမခံထားရှိခြင်းမရှိသော ကြွေးမြီများ၏ပမာဏကို သီးခြားစီဖော်ပြလျက် မြီရှင်များ၏ အမည်များ၊ နေရပ်လိပ်စာများနှင့် အလုပ်အကိုင်များ၊ အာမခံထားရှိသော ကြွေးမြီများဖြစ်လျှင် ငွေချေးသက်သေခံလက်မှတ်များ၏အချက်အလက်များ ယင်းတို့၏တန်ဖိုးနှင့် ယင်းတို့အား ထုတ်ဝေခဲ့သည့်နေ့စွဲများနှင့်

(၄) ကုမ္ပဏီသို့ ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသူများ၏ အမည်များ၊ နေရပ်လိပ်စာများနှင့် အလုပ်အကိုင်များ၊ ထိုသို့ပေးဆပ်နိုင်မည့်ပမာဏ။

(ခ) ထိုရေးသားဖော်ပြချက်အား သက်ဆိုင်သည့်နေ့ရက်၌ တာဝန်ထမ်းဆောင်လျက်ရှိသူ ဒါရိုက်တာတစ်ဦး သို့မဟုတ် ဒါရိုက်တာများက သော် လည်းကောင်း၊ ကုမ္ပဏီ၏ အတွင်းရေးမှူးကသော်လည်းကောင်း၊ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် အောက်ပါပြဋ္ဌာန်းချက်များတွင် ဖော်ပြပါရှိသူများကသော်လည်းကောင်း တရားရုံး၏ညွှန်ကြားချက်နှင့်အညီ မှန်ကန်ကြောင်းအတည်ပြု၍ တင်ပြရမည့်အပြင်အောက်ပါ ပုဂ္ဂိုလ်များကိုလည်း ရေးသားဖော်ပြချက်အား မှန်ကန်ကြောင်း အတည်ပြု၍တင်ပြစေနိုင်သည် -

(၁) ကုမ္ပဏီ၏ဒါရိုက်တာများ သို့မဟုတ် အရာရှိများအဖြစ် ဆောင်ရွက်သူများ သို့မဟုတ် ဆောင်ရွက်ခဲ့သူများ သို့မဟုတ်

(၂) သက်ဆိုင်သည့် နေ့ရက်မှ တစ်နှစ်ကာလအတွင်း မည်သည့်အချိန်တွင်မဆို ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှုတွင် ပါဝင်ခဲ့သူများ သို့မဟုတ်

(၃) အဆိုပါနှစ်ကာလအတွင်း ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ သို့မဟုတ် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများနှင့် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက လိုအပ်သည့် သတင်းအချက်အလက်များကို ပေးနိုင်သူဟုယူဆသည့် ပုဂ္ဂိုလ်များ။

(ဂ) ထိုရေးသားဖော်ပြချက်ကို သက်ဆိုင်သည့်နေ့ရက်မှ ၂၁ ရက်အတွင်း သို့မဟုတ် အထူးအကြောင်းရှိခဲ့လျှင် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိကဖြစ်စေ၊ တရားရုံးက ဖြစ်စေ တိုးမြှင့်သတ်မှတ်ပေးသည့် ကာလအတွင်း တင်ပြရမည်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ လိုအပ်သော ရေးသားဖော်ပြချက်နှင့် ကျမ်းကျိန်လွှာတို့ကို ပြုလုပ်သည့် သို့မဟုတ် ပြုလုပ်ရန် သဘောတူညီသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ယာယီခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များမှ ပြင်ဆင်ပြုလုပ်ဆောင်ရွက်ရာတွင် ကုန်ကျသည့်စရိတ်များကို သင့်လျော်သည့်ကုန်ကျစရိတ်များ ဖြစ်သည်ဟု သတ်မှတ်ခွင့်ပြု၍ ပေးချေနိုင်သည်။ ထိုကိစ္စရပ်တွင် တရားရုံးသို့ အယူခံဝင်ရောက်နိုင်သည်။

(င) ကုမ္ပဏီ၏ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဖြစ်ကြောင်း ကိုယ်တိုင်စာဖြင့် ရေးသားဖော်ပြသူတစ်ဦးဦးသည် ၎င်းကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ သင့်လျော်သည့်အချိန်တိုင်းတွင် သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကိုပေးသွင်းလျက် ဤပုဒ်မအရတင်ပြသည့် ရေးသားဖော်ပြချက်ကို စစ်ဆေးကြည့်ရှုခြင်းနှင့် အဆိုပါ ရေးသားဖော်ပြချက်၏ မိတ္တူကိုဖြစ်စေ၊ ကောက်နုတ်ချက်ကိုဖြစ်စေ ရယူခွင့်ရှိသည်။

(စ) ဤပုဒ်မပါ "သက်ဆိုင်သည့်နေ့ရက်" ဆိုသည်မှာ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ယာယီခန့်အပ်ထားသည့်ကိစ္စရပ်တွင် ထိုသို့ခန့်အပ်သည့်နေ့ရက်နှင့် ထိုသို့ ခန့်အပ်ခြင်းမပြုသည့်ကိစ္စရပ်တွင် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်ကို ချမှတ်သည့်နေ့ရက်တို့ကို ဆိုသည်။

၃၁၆။မည်သူမဆို သင့်လျော်သည့် အကြောင်းအချက်မရှိဘဲ ပုဒ်မ ၃၁၅ ပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် သိလျက်ဖြင့်တမင်ပျက်ကွက်လျှင် ဒဏ်ကြေးငွေ ကျပ်သိန်းတစ်ဆယ်ကို ပေးဆောင်ရမည်။

၃၁၇။မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဖြစ်ကြောင်း မမှန်မကန် ကိုယ်တိုင်စာဖြင့် ရေးသားဖော်ပြသူ တစ်ဦးဦးသည် ရာဇသတ်ကြီးပုဒ်မ ၁၈၂ အရ ပြစ်မှုမြောက်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ တရားဝင်ခန့်အပ်ထားသည့် ပစ္စည်းလက်ခံထိန်းသိမ်းသူကဖြစ်စေ လျှောက်ထားတင်ပြလာလျှင် အဆိုပါပြစ်မှုဖြင့် ပြစ်ဒဏ်ထိုက်သင့်စေရမည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရေးသားဖော်ပြချက်**

၃၁၈။(က) ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်ကို ချမှတ်သည့်အခါ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၃၁၅ အရတင်ပြသည့် ရေးသားဖော်ပြချက်အား လက်ခံရရှိပြီးနောက် အဆိုပါအမိန့်ကို ချမှတ်သည့်နေ့မှ လေးလထက် နောက်မကျစေဘဲ သို့မဟုတ် တရားရုံးကခွင့်ပြုလျှင် ခြောက်လထက်နောက်မကျစေဘဲ သို့မဟုတ် ရေးသားဖော်ပြချက်တင်ပြရန် လိုအပ်ခြင်းမရှိကြောင်း တရားရုံးက အမိန့်ချမှတ်သည့် ကိစ္စရပ်တွင် အမိန့်ချမှတ်သည့်နေ့ရက်မှ အောက်ပါအချက်အလက်များပါဝင်သော ကနဦးအစီရင်ခံစာတစ်စောင်ကို တရားရုံးသို့ ဆောလျင်စွာတင်ပြရမည် -

(၁) အောက်ပါခေါင်းစဉ်များအလိုက် သီးခြားစီဖော်ပြပါရှိသော ထုတ်ဝေထားသည့် မတည်ငွေရင်းပမာဏ၊ ထည့်ဝင်ထားသည့် မတည်ငွေရင်းပမာဏ၊ ထည့်ဝင်ပြီး မတည်ငွေရင်းပမာဏ၊ ရရန်ပိုင်ခွင့်များနှင့် တာဝန်ရှိမှုများအတွက်ခန့်မှန်းတွက်ချက်မှုပမာဏ၊

(ကက) ငွေသားနှင့်လွှဲပြောင်းနိုင်သောငွေချေးသက်သေခံလက်မှတ်များ၊

(ခခ) ကြွေးမြီပေးဆပ်ရသူများထံမှ ရရှိမည့် ကြွေးမြီများ၊

(ဂဂ) ကုမ္ပဏီကရရှိမည့် ကြွေးမြီများနှင့် ကြွေးမြီပေးချေရန်အာမခံချက်များရှိခဲ့လျှင်၊

(ဃဃ) ကုမ္ပဏီပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့်

(ငင) ငွေပေးချေခြင်း မပြုရသေးသောထည့်ဝင်ရမည့် မတည်ငွေရင်း၊

**ဆက်လက်ဖော်ပြပါမည်။**

## မန္တလေးတိုင်းဒေသကြီးတွင် အငြိမ်းစားဝန်ထမ်းအိမ်ရာများ အကောင်အထည်ဖော်တည်ဆောက်သွားမည်

**မန္တလေး ဇန်နဝါရီ ၁၀**
ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအတွက် စီမံကိန်းသစ်တစ်ခုအနေဖြင့် အရောင်းအိမ်ရာများ အကောင်အထည်ဖော် တည်ဆောက်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါစီမံကိန်းသစ်အား ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စုအစိုးရခွင့်ပြုဘဏ္ဍာငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ မဲကင်းကုန်းကျေးရွာအနီးတွင် တည်ဆောက်နိုင်ရန် မြေနေရာရွေးချယ်ထားကြောင်း တိုင်းဒေသကြီးမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်နိုင်က ပြောသည်။

"ဝန်ထမ်းတွေ ပင်စင်ယူသွားရင် နေထိုင်ဖို့ အခက်အခဲမရှိအောင် စီစဉ်ဆောင်ရွက်ပေးတာပါ။ သူတို့ အငြိမ်းစားယူရင် သူတို့ရမယ့် လုပ်သက်ဆုငွေကို ကနဦးပေးသွင်းရပါမယ်၊ ကျန်တဲ့ငွေကို ၁၀ နှစ်နဲ့ ၁၅ နှစ်အတွင်း အရစ်ကျပေးသွင်းတဲ့စနစ်နဲ့ ဘဏ်တွေနဲ့ ချိတ်ဆက်ပြီး ရောင်းချပေးသွားမှာပါ။ မြေနေရာနဲ့ ခွင့်ပြုငွေပေါ်မူတည်ပြီး အခန်းအရေအတွက်ကို ၂၀၁၈ ခုနှစ်အတွင်း စတင်အကောင်အထည်ဖော် တည်ဆောက်သွားမှာပါ" ဟု ၎င်းက ပြောသည်။

ထို့ပြင် အဆိုပါဌာနမှ တိုင်းဒေသကြီးအတွင်း တန်ဖိုးမျှတအိမ်ရာများကိုလည်း ချမ်းမြသာစည်မြို့နယ် ၅၃ လမ်းနှင့် ၅၉ လမ်းအနီးတွင် ပထမအဆင့်အနေဖြင့် ဌာနပိုင်မြေနေရာရရှိရန် ဆောင်ရွက်လျက်ရှိပြီး မြေနေရာရရှိပါက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေဖြင့် ပြည်သူများနေထိုင်ရေးအတွက် အခက်အခဲမရှိစေရန် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် ဦးစားပေးကြိုးစားဆောင်ရွက်လျက်ရှိပြီး အဓိကလိုအပ်ချက်ဖြစ်သော မြေနေရာရရှိမှသာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## နှစ်(၇၀)ပြည့် ကချင်ပြည်နယ်နေ့အခမ်းအနား ပြည်နယ်အစိုးရအဖွဲ့ရုံး အတွင်း ကျင်းပ



**မြစ်ကြီးနား ဇန်နဝါရီ ၁၀**
ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ နှစ် (၇၀) ပြည့် ကချင်ပြည်နယ်နေ့အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၈ နာရီက မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး မြက်ခင်းပြင်၌ ကျင်းပရာ ကချင်ပြည်နယ် လူမှုရေးဝန်ကြီးဒေါက်တာသင်းလွင်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သည့် နှစ် (၇၀) ပြည့် ကချင်ပြည်နယ်နေ့အထိမ်းအမှတ်သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသူများက တိုင်းရင်းသားမျိုးနွယ်စု အသီးသီးမှ လူငယ်မောင်မယ်များနှင့်အတူ 'ထောင်ကာ' အကကို ပျော်ရွှင်စွာ ဝိုင်းဖွဲ့ကပြခဲ့ကြပြီး အခမ်းအနားသို့ ကချင်ပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဒိန်ခန်ဖုန် (ခ)ခန်လင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာနှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားမျိုးနွယ်စုအသီးသီးမှ တိုင်းရင်းသား ခေါင်းဆောင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ပညာရေးကောလိပ်နှင့် သူနာပြုသားဖွားသင်တန်းကျောင်းတို့မှ သင်တန်းသား၊ သင်တန်းသူ အင်အား ၁၂၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

နှစ် (၇၀) ပြည့် ကချင်ပြည်နယ်နေ့အဖြစ် မိနီမာရသွန်ပြိုင်ပွဲ၊ တင်းနစ်၊ စက်ဘီးစီး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ အားကစားပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း အားကစားကျင်းပရေးကော်မတီများထံမှ သိရသည်။

**ဦးလေးကြီး**

## တိုင်းဒေသကြီးနှင့်ပြည်နယ် အလွတ်တန်းပြေးခုန်ပစ်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၀**
မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ် ထွက်ပေါ်လာစေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိရာ ဇန်နဝါရီ ၁၀ ရက် နံနက် ၆ နာရီခွဲမှ စတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် အလွတ်တန်းပြေးခုန်ပစ် ပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

အမျိုးသမီး မီတာ (၅၀၀၀) အပြေးပြိုင်ပွဲ၊ အမျိုးသား မီတာ(၅၀၀၀) အပြေးပြိုင်ပွဲ၊ အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ (၂၀၀) ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ (၈၀၀) ပြိုင်ပွဲ၊ အမျိုးသား တုတ်ထောက်ခုန်ပြိုင်ပွဲ၊ အမျိုးသား ၁၀ မျိုးပြိုင်ပွဲတို့ ကျင်းပခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ နည်းပြ/အုပ်ချုပ်သူများ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများလာရောက်ကြည့်ရှုအားပေးပြီး ဆုရရှိကြသူများအား ဆုများချီးမြှင့်ခဲ့ကြသည်။

အဆိုပါ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြေးခုန်ပစ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၁ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ဝင်းအတွင်း၌ နံနက် ၆ နာရီခွဲမှ စတင်၍ ယှဉ်ပြိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်ဇော်**

## အန္တရာယ်ရှိစားသောက်ကုန် ရောင်းချသူများအား အဆင့်သုံးဆင့်ဖြင့် အရေးယူမည်

**မကွေး ဇန်နဝါရီ ၁၀**
မကွေးတိုင်းဒေသကြီးအတွင်း စားသောက်ကုန် ထုတ်လုပ်၊ ရောင်းချ၊ ဖြန့်ချိနေသော လုပ်ငန်းများအား ရှောင်တခင် စစ်ဆေးမှုများ ဆောင်ရွက်နေသော အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီမှ အန္တရာယ်ရှိ စားသောက်ကုန်ရောင်းချသူများအား အဆင့်သုံးဆင့် သတ်မှတ်၍ တစ်ဆင့်ချင်း အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

'ပထမအကြိမ် ပြင်းထန်စွာသတိပေးပြီး ပစ္စည်းသိမ်းမယ်၊ ဖျက်ဆီးမယ်၊ ဒုတိယအကြိမ် သက်ဆိုင်တဲ့ လိုင်စင်တွေ သိမ်းမယ်၊ FDAက ထုတ်ပေးထားတာရှိတယ်၊ စည်ပင်လိုင်စင်၊ စက်မှုကြီးကြပ်လိုင်စင်တွေရှိတယ်၊ ဒါတွေ ရုပ်သိမ်းသွားမယ်၊ တတိယအကြိမ်ဆိုရင်တော့ တရားဥပဒေလမ်းကြောင်းအရ ဆက်လုပ်သွားပါမယ်" ဟု အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာပြည့်ထူးက ပြောသည်။

'စစ်ဆေးဖို့ သွားတဲ့အခါ စစ်ဆေးတဲ့ ကိရိယာတွေယူသွားမယ်၊ အဓိက ဖော်မလင်ပေါ့၊ ပဲပြားတို့၊ မုန့်ဖတ်တို့ကို ဈေးတွေထဲမှာ စစ်သွားမယ်၊ သတ်မှတ်ရက် ကျော်လွန်တဲ့ ကိစ္စတွေအပြင်ဆိုးဆေးနဲ့ပတ်သက်ပြီး တရားလွန် ဆိုးဆေးတွေသုံးထားသလား၊ တရားလွန်ဆိုတဲ့နေရာမှာ ခွင့်ပြုချက်ရှိတဲ့ ဆိုးဆေးကို တရားလွန် ဆိုးထားတာရှိလား၊ ဒါဟာလည်း ကျန်းမာရေးနဲ့ မညီညွတ်တဲ့အတွက် ဒါတွေကိုလည်း ထိန်းချုပ်သွားမယ်၊ သုံးစွဲခွင့် ပြုမထားတဲ့ ဆိုးဆေးတွေ သုံးထားတယ်လို့ သံသယရှိရင် ဝယ်မယ်၊ စစ်မယ်၊ စစ်လို့ တွေ့လို့ရှိရင် ဒါတွေကိုပါ ဆက်တိုက်အရေးယူသွားဖို့ရှိတယ်" ဟု ဒေါက်တာပြည့်ထူးက ဆိုသည်။

အရေးယူမည့်အပိုင်းကို အဆင့်ချင်းအလိုက် လုပ်ဆောင်သွားမည်ဖြစ်သော်လည်း လတ်တလောတွင် ရက်လွန် စားသောက်ကုန်များကို အဓိကထိန်းချုပ်နိုင်ရန် ရည်ရွယ်လုပ်ဆောင်နေပြီး ဈေးကွက်ထဲမှ သက်တမ်းလွန်ဖြစ်နေသည့် မုန့်များ ပျောက်သွားရန် ကော်မတီက ဆန္ဒရှိကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**

## ကမ္ဘာလှည့်ခရီးသွားနှင့် ပြည်သူများလေ့လာနိုင်ရန် ဒီးဒုတ်ရေတံခွန်ဆင်စခန်းဖွင့်မည်

**ပြင်ဦးလွင် ဇန်နဝါရီ ၁၀**
ကမ္ဘာလှည့်ခရီးသွားများနှင့် အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် ဇန်နဝါရီ ၂၀ ရက်က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲရွာရေအားလျှပ်စစ်စီမံကိန်း ကားလမ်းပေါ်ရှိ မကျည်းအင်းကျေးရွာ ဝှက်ကားရေတံခွန်အနီး ကိုးမိုင် သုံးဖာလုံတွင် ဒီးဒုတ်ရေတံခွန်ဆင်စခန်းစတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြန်မာ့သစ်လုပ်ငန်း (မန္တလေးတိုင်းဒေသကြီး)မှ သိရသည်။

"ဆင်စခန်းက အခုလ ၂၀ ရက်မှာ ဖွင့်မှာပါ၊ ၁၃ ရက် မနက် ၉ နာရီမှာ ရီဟာဆယ်စဖွင့်မယ်၊ အဲဒီနေ့အတွက် ဝင်ကြေးအခမဲ့ပါ၊ စခန်းနာမည်ကိုတော့ ဒီးဒုတ်ရေတံခွန်ဆင်စခန်းလို့ ပေးထားပါတယ်" ဟု မြန်မာ့သစ်လုပ်ငန်း(မန္တလေးတိုင်းဒေသကြီး) မန်နေဂျာ ဦးအောင်မြင့်ဌေးက ပြောသည်။

မြန်မာနိုင်ငံတွင်ဆင်စခန်း ၁၀ ခုကျော်ရှိသည့်အနက် မန္တလေးတိုင်းဒေသကြီးတွင် သပိတ်ကျင်းဆင်စခန်းကို ကမ္ဘာလှည့်ခရီးသွားများ ကြည့်ရှုလေ့လာနိုင်ရန် ဖွင့်လှစ်ပေးခဲ့သော်လည်း ယခုဖျက်သိမ်းလိုက်သည့်အတွက် အဆိုပါနေရာအစား ယခုဝှက်ကားရေတံခွန်အနီးတွင် ကမ္ဘာလှည့်ခရီးသွားများနှင့် အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် ဖွင့်လှစ်ခြင်းဖြစ်သည်။



"ဝင်ကြေးက ပြည်တွင်း တစ်ယောက်ကို ကျပ် ၁၀၀၀ နှုန်း သတ်မှတ်ထားပါတယ်၊ ဆင်စီးခအနေနဲ့ ခရီးတို တစ်ခေါက် တစ်ယောက်ကို ကျပ် ၃၀၀၀ ပါ၊ နိုင်ငံတကာ ခရီးသွားတွေအတွက်တော့ ဝင်ကြေးက ကျပ် ၂၀၀၀၀ နဲ့ ဆင်စီးခလည်း ကျပ် ၂၀၀၀၀ သတ်မှတ်ထားပါတယ်" ဟု အဆိုပါမန်နေဂျာက ဆက်လက်ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန၏ နိုင်ငံတကာခရီးသွားဝင်ရောက်မှုစာရင်းများအရ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ၄၃၅၂၈၈ ဦး ဝင်ရောက်ခဲ့ပြီး တရုတ်၊ ထိုင်း၊ ပြင်သစ်၊ စပိန်၊ အီတလီ၊ ဂျာမနီ၊ အမေရိကန်၊ အင်္ဂလန် စသည့် နိုင်ငံများအနက် အဆိုပါကာလအတွင်း တရုတ်၊ ပြင်သစ်နှင့် ထိုင်းနိုင်ငံတို့မှ အများဆုံး ဝင်ရောက်ခဲ့သည်။

အဆိုပါဖွင့်လှစ်မည့် ဆင်စခန်း၌ ဆင်များကို စဉ့်ကူးမြို့နယ်မှ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပြီး အထီးနှစ်ကောင်၊ အမလေးကောင် စုစုပေါင်းဆင်ခြောက်ကောင်ဖြင့် ပြသသွားမည်ဖြစ်ကာ လာရောက်လည်ပတ်သူများအနေဖြင့် ဆင်များအစာကျွေးနိုင်ရန်နှင့် ဆင်စီးနင်းနိုင်ရန်အတွက်လည်း စီစဉ်ပေးသွားမည်ဖြစ်ကြောင်း မြန်မာ့သစ်လုပ်ငန်း (မန္တလေးတိုင်းဒေသကြီး)မှ သိရသည်။ **နဒီလှိုင်း**

## ပျဉ်းမနားမြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**ပျဉ်းမနား ဇန်နဝါရီ ၁၀**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၉ရက် ညနေ ၃ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(စုပေါင်း) ရုံးခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အိသွယ်မြင့်အောင်က သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းသူများကိုယ်တိုင်ပြုလုပ်ထားသည့် စက်ချုပ်၊ လက်ချုပ်အဝတ်အထည်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ အခြေခံစက်ချုပ်သင်တန်းကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၉ ရက်အထိ ပျဉ်းမနားမြို့နယ်အတွင်းမှ သင်တန်းသူ ၂၀ အား အခမဲ့သင်ကြားပေးခဲ့ကြောင်း သိရသည်။ **စိုးမိုး(ပြန်/ဆက်)**

## ပဲခူးမြို့တွင် ကလေးစာပေပွဲတော်ကျင်းပ

**ပဲခူး ဇန်နဝါရီ ၁၀**

ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်ရှေ့ကွင်းပြင်၌ ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီတွင် ပဲခူးမြို့ စာပေချစ်သူများအဖွဲ့က ဦးဆောင်၍ ကလေးစာပေပွဲတော်ဖွင့်ပွဲ အခမ်းအနားကျင်းပခဲ့သည်။

ကလေးစာပေပွဲတော်ကျင်းပရခြင်းသည် ကလေးများ ဗဟုသုတမှ အသိဉာဏ်ဆင့်ပွားယူနိုင်သော စာများဖတ်ပြီး အသိရှာချင်သည့်စိတ် မြင့်တက်စေနိုင်အောင် အစဉ်လေ့လာသင်ယူမှုအတွက် တွန်းအားပေးလက်ဆင့်ကမ်းခြင်းဖြစ်ကြောင်း၊ ကလေးများ ပျော်ရွှင်ဉာဏ်မြူးဖို့နှင့် သူငယ်ချင်းအသစ်များရပြီး ရင်းရင်းနှီးနှီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သွားလာတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်လည်းဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးကိုဦးတည်စေသည့် လူငယ်အနုပညာရပ်ဝန်းနှင့် ကလေးငယ်များ IQ၊ EQ နှစ်ခုစလုံး ပြည့်ဝစေရန် ရည်ရွယ်၍ စာပေချစ်သူလူကြီးများ အနေဖြင့်မြေတောင်မြှောက်ပေးရန် တာဝန်ရှိသည်ဟုခံယူပြီး ကျင်းပခြင်းဖြစ်ကြောင်း ပြန်ကြားရေးတာဝန်ခံ ဦးအေးမင်းက ပြောသည်။

မြန်မာနိုင်ငံ၏ အနာဂတ်တွင် ခေါင်းဆောင်များ ဖြစ်လာမည့် ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ အပြောအဆိုနှင့် နှုတ်မှုရေးရာစွမ်းရည်များမြင့်မားလာစေရန်၊ စာပေနှင့် ရင်းနှီးပြီး ပျော်ရွှင်မှုကို စာဖတ်ခြင်းဖြင့် ဖန်တီးပေးရန်စသည့် ရည်ရွယ်ချက်များဖြင့် ပဲခူးစာပေချစ်မြတ်နိုးသူများအဖွဲ့က ဇန်နဝါရီ ၁၀ ရက်မှ ၁၁ ရက်အထိ ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး ကလေးများအတွက် ကဗျာရွတ်၊ ပုံပြော၊ ကျပန်းစကားပြော၊ ဆေးရောင်ခြယ်၊ စက္ကူခေါက်၊ ဂိမ်းကစားပွဲ၊ အရုပ်ဆက်ကစားနည်း၊ စကားပုံဆက်ကစားနည်း၊ အိမ်ဆောက်တမ်းကစားနည်း စသည်များ ထည့်သွင်းထားသည့်အပြင် ပညာရေးဌာနသင်ထောက်ကူပြခန်းများ၊ ကျန်းမာရေးဉာဏ်စမ်းပြခန်းများ၊ စာအုပ်အရောင်းဆိုင်များလည်း ပြသထားကြောင်းသိရသည်။

ဖွင့်ပွဲအခမ်းအနားသို့ လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဥပဒေချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ စာပေချစ်မြတ်နိုးသူအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

## ဆွာချောင်းဆည်ရေသောက်စနစ်ဖြင့် တောင်ငူမြို့နယ်၌ နွေစပါးကေ ပိုမိုစိုက်ပျိုးနိုင်



**တောင်ငူ ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းဆည်ရေသောက်စနစ်ဖြင့် နွေစပါးစိုက်ဧကနှစ်သောင်းကျော်အား ရေပေးလျက်ရှိပြီး ကျေးလက်ဒေသနေတောင်သူများအနေဖြင့် စပါးစိုက်ပျိုးရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။

ဆွာဆည်ရေသောက် မြောင်းဖျားဖြစ်သော တောင်ငူမြို့နယ် မြောက်ရေကြည်ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံတောင်သူများအတွက် DY-7 ရေပေးမြောင်းမှတစ်ဆင့် ရေပေးဝေနိုင်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိရာ ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ စိုက်ဧက ၄၀၀ ကျော်ကို ရေပေးဝေနိုင်မည်ဖြစ်ကြောင်း တောင်ငူမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးသောင်းတင်က ပြောကြားသည်။

“ဒီကျေးရွာအုပ်စုက ဆွာဆည်ရေသောက် မြောင်းဖျားမှာရှိနေတာ၊ တောင်သူတွေကလည်း နွေစပါးစိုက်ပျိုးချင်ကြတယ်၊ DY-7 ရေပေးမြောင်းကို အဆင့်မြှင့်တင်ပြုပြင်ပြီးတော့ ရေပေးတဲ့အခါမှာ မနှစ်က ဧက ၁၀၀ ကျော်စိုက်ပျိုးနိုင်တာတွေ့ရတယ်၊ ဒီနှစ် နွေစပါးစိုက်ပျိုးချိန်မှာ စိုက်ဧက ၄၀၀ ကျော်အထိ ရေပေးနိုင်မှာဖြစ်တဲ့အတွက် တောင်သူတွေအများကြီးအဆင်ပြေကြတာတွေ့ရတယ်” ဟု ၎င်းက ဆက်လက် ပြောကြားသည်။

ဇန်နဝါရီ ၁ ရက်မှစတင်သည့် ရေပေးဝေရေးလုပ်ငန်းများနှင့် နွေစပါးစိုက်ပျိုးကြသည့် တောင်သူများ အဆင်ပြေမှုရှိစေရန် တောင်ငူခရိုင် ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ရှိန်နှင့် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ရေပေးမြောင်းများအလိုက် တာဝန်ကျသည့် ဝန်ထမ်းများအား ရေပေးဝေရေးကာလအတွင်း အောင်ရေရရှိသည်အထိ တောင်သူများ အခက်အခဲမရှိစေရန် စီစဉ်ဆောင်ရွက်ထားကြောင်းသိရသည်။

“စပါးဈေးကလည်းကောင်းတော့ အထွက်နှုန်းကောင်းတဲ့ နွေစပါးကို တောင်သူတိုင်းစိုက်ချင်ကြတယ်၊ ဆည်မြောင်းဦးစီးဌာနက တောင်သူတွေ စပါးစိုက်ပျိုးနိုင်အောင် ကြိုးစားဆောင်ရွက်ပေးခဲ့လို့ အခုနှစ်မှာ ရေအားကောင်းတယ်၊ စိုက်ဧကလည်း အများကြီးတိုးလာလို့ တောင်သူတွေ အဆင်ပြေကြပါတယ်” ဟု နေပူကုန်းကျေးရွာနေ တောင်သူ ဦးထွန်းစိုးက ပြောကြားသည်။ **ကိုလွင်(ဆွာ)**

## (၆၆)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် စက်ဘီးစီးပြိုင်ပွဲကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၁၀**

(၆၆) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် အသက်(၅၀) နှစ်အထက် အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲနှင့် အလွတ်တန်း အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၇ နာရီက လွိုင်ကော်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (ပန်ကန်း) ရှေ့၌ စတင်တာလွှတ်ရာ အသက် ၅၀ အထက် အမျိုးသား ၂၄ ဦး၊ အလွတ်တန်း အမျိုးသား ၄၀၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၇၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ထို့နောက် စက်ဘီးစီးပြိုင်ပွဲတွင် ဆုရရှိသူများကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးခန့်၊ ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးယောဟန်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရသည်။

အသက် ၅၀ အထက် အမျိုးသားပြိုင်ပွဲတွင် ပထမ ဦးကာမီးရို၊ ဒုတိယ ဦးမြင့်လွင်၊ တတိယ ဦးကားရ်လို၊ အလွတ်တန်း အမျိုးသားပြိုင်ပွဲတွင် ပထမ မောင်အောင်မြတ်မင်း၊ ဒုတိယ မောင်သားသား၊ တတိယ မောင်နေဆန်းဦး၊ အလွတ်တန်း အမျိုးသမီးပြိုင်ပွဲတွင် ပထမ မဝင်းဝင်းနယ်၊ ဒုတိယ မကက်သရင်း၊ တတိယ မမြင့်မြင့်စန်းတို့ရရှိပြီး ပြိုင်ပွဲတွင် ဆုရရှိသူများကို ပထမဆု ငွေကျပ်တစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သောင်းခွဲ၊ တတိယဆု ငွေကျပ် ငါးသောင်း၊ နှစ်သိမ့်ဆုငွေကျပ် နှစ်သောင်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



## ပြည်နယ်အတွင်းသမဝါယမ အသင်းသားများအား ချေးငွေထုတ်ချေး

**ဘားအံ ဇန်နဝါရီ ၁၀**

ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ သမဝါယမအသင်းများသို့ အသေးစားအရင်းအနှီးချေးငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီက ပြည်နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက သမဝါယမအသင်းအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အသင်းစုများအနေဖြင့် အစုအဖွဲ့အလိုက်စုပေါင်းလုပ်ဆောင်ရသည့်လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ အသင်းရေရှည်တည်တံ့ရေးနှင့် အစုအဖွဲ့များ အောင်မြင်ရေးအတွက် အခြေခံဖြစ်သော ရင်းနှီးလုပ်ကိုင်နိုင်မှုသည် အဓိကအရေးပါကြောင်း၊ သို့မှသာလျှင် အကျိုးရှိသော ချေးငွေများဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကရင်ပြည်နယ်အတွင်း ခုနစ်မြို့နယ်အတွက် အသေးစား အရင်းအနှီးချေးငွေများ ပေးအပ်ရာတွင် ဘားအံမြို့နယ် ၁၂၄၃ ဒသမ ၄၆၆ သန်း၊ လှိုင်းဘွဲ့မြို့နယ် ၅၀၉ ဒသမ ၆၉၉ သန်း၊ သံတောင်ကြီးမြို့နယ် ၅၂၀ ဒသမ ၉၃၀ သန်း၊ ကော့ကရိတ်မြို့နယ် ၂၆၃ ဒသမ ၆၈၀ သန်း၊ ကြာအင်းဆိပ်ကြီးမြို့နယ် ၆၈၃ ဒသမ ၄၂၉ သန်း၊ မြဝတီမြို့နယ် ၆၆၇ ဒသမ ၉၈၂ သန်း၊ ဖာပွန်မြို့နယ် ၂၆၆ ဒသမ ၅၇၆ သန်းအားလည်းကောင်း၊ ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်အတွင်းရှိ အခြေခံသမဝါယမ အသင်းသား ၂၅၀၁ ဦး၊ ဘားအံမြို့နယ်စိုက်ပျိုးရေး သမဝါယမ အသင်းနှစ်သင်း၊ လှိုင်းဘွဲ့မြို့နယ် မွေးမြူရေးသမဝါယမအသင်းတို့အတွက် ထောက်ပံ့ချေးငွေ ၂၄၈ ဒသမ ၅၃၂ သန်းကိုလည်းကောင်း၊ မျိုးစေ့ထုတ်လုပ်ရေးသမဝါယမအသင်းများအတွက် ၁၀၂ ဒသမ ၆၀၀ သန်း၊ လယ်ယာသုံး စက်ကိရိယာ အရစ်ကျစနစ်ဖြင့် ချေးငွေ ၁၈၁ ဒသမ ၁၂၂ သန်း၊ လယ်ယာမြေ အဆင့်မြှင့်တင်ပြုပြင်ရန် ချေးငွေ ၇၈ ဒသမ ၄၅၀ သန်းနှင့် ကရင်ပြည်နယ်အတွင်း ချေးငွေအစောဆုံးပြေကျေစွာပေးဆပ်နိုင်ခဲ့သည့် လှိုင်းဘွဲ့မြို့နယ် သမဝါယမအသင်းစုနှင့် အခြေခံသမဝါယမအသင်းများအား ဂုဏ်ပြုဆုများကို ပြည်နယ်စီမံကိန်း၊ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် တာဝန်ရှိသူများကပေးအပ်ရာ အသင်းစုဥက္ကဋ္ဌများက လက်ခံရယူခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း မြို့နယ်ခုနစ်မြို့နယ်၊ သမဝါယမအသင်း ၅၈၈ သင်းရှိပြီး ချေးငွေစုစုပေါင်း ၄၉၅၅ ဒသမ ၄၆၆ သန်းအား ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

## အမျိုးသမီးများအခန်းကဏ္ဍမြှင့်တင်ရေး ဆွေးနွေး

**ဖျာပုံ ဇန်နဝါရီ ၁၀**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ များ တွေ့ဆုံပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီက ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်လတ်၊ အဖွဲ့ချုပ်ပြန်ကြားရေးတာဝန်ခံ ဒေါ်စိုးဝတ်ရည်၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးပပ၊ အတွင်းရေးမှူးဒေါ်နွယ်နွယ်ဦးနှင့် ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်က အမျိုးသမီးများအခန်းကဏ္ဍ မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လုံခြုံရေးကဏ္ဍများ စဉ်ဆက်မပြတ်ဆောင်ရွက်ရေး၊ အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ကျောင်းသန့်ရှင်းရေးနှင့် အမျိုးသမီးများဘဝ ဖွံ့ဖြိုးရေးစသည်ဖြင့် အမျိုးသမီးရေးရာဆိုင်ရာကိစ္စများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် အမြွာကလေးထောက်ပံ့ရေးအခမ်းအနားသို့ တက်ရောက်ကာ အမြွာကလေး ၁၆ တွဲအား ထောက်ပံ့ငွေနှင့် ပံ့ပိုးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သပြေထွန်း**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ကွင်းဆင်းစစ်ဆေး

**လပွတ္တာ ဇန်နဝါရီ ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ညောင်လိန်ကျေးရွာအုပ်စု သဲဖြူကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ စီမံကိန်းချေးငွေများအား အသုံးချ၍ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့်လုပ်ငန်းဆောင်ရွက်နိုင်မှု၊ စာရင်းဇယားများ ရေးသွင်းထားရှိမှုနှင့် ကျေးရွာသူ၊ ကျေးရွာသားများအား စီမံကိန်းပိုမိုအောင်မြင်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးခြင်းဆိုင်ရာကိစ္စရပ်များအား လပွတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်သူကိုကို (လက်ထောက်ညွှန်ကြားရေးမှူး၊ နည်းပညာ)၊ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မျိုး (လက်ထောက်ညွှန်ကြားရေးမှူး) တို့ဦးစီး၍ ခရိုင်နှင့် မြို့နယ်ဝန်ထမ်းများဖြင့် ဇန်နဝါရီ ၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး စီမံကိန်းပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်စေရေးအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ သဲဖြူကျေးရွာသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော်ချိန်မှစ၍ ကျေးရွာ၏ စီးပွားရေး၊ လူမှုရေးအခွင့်အလမ်းများ ပိုမိုဖွံ့ဖြိုးလာပြီး လူနေမှုဘဝပိုမိုတိုးတက်လာကြောင်း သိရသည်။ **မောင်ဇော်**



# ပြသရေးစနစ်ကြောင့် မချောလေးယောက် ကိုယ်တစ်ယောက် ရုပ်ရှင်ရိုက်ကူးရေး နောက်ဆုတ်ထားရတယ်ဆိုတဲ့ ဒါရိုက်တာ သီဟကျော်စိုး

တစ်ခေတ်တစ်ခါက အောင်မြင်ခဲ့သည့် မချောလေးယောက် ကိုယ်တစ်ယောက် ရုပ်ရှင်ဇာတ်ကားကို မူရင်းဖန်တီးသူ ဒါရိုက်တာသီဟကျော်စိုးက ယခုအချိန်တွင် တစ်ကျော့ပြန်လည်ရိုက်ကူးတင်ဆက်ရန် မူလက စီစဉ်ခဲ့သော်လည်း လက်ရှိ ရုံတင်ပြသရေးစနစ်ကြောင့် ယင်းဇာတ်ကားရိုက်ကူးရေးကို နောက်ဆုတ်ထားရကြောင်း ယခုကဲ့သို့ ပြောပြခဲ့သည်။

"မချောလေးယောက် ကိုယ်တစ်ယောက်ကိုရိုက်ဖို့က သိန်းနှစ်ထောင်နီးပါးလောက် ကုန်မယ်၊ ဇာတ်ကားတစ်ကား ရုံတင်ပြသဖို့ သုံးနှစ်လောက်စောင့်ရပုံမျိုးနဲ့ အဲဒီလောက်မရင်းနိုင်တော့ဘူး၊ ရှင်းရှင်းပြောရရင် မရင်းချင်တော့ဘူး၊ အဲဒါကြောင့် မချောကို နည်းနည်းနောက်ဆုတ်ပြီး အခြားဇာတ်ကားတွေပဲ အရင်ရိုက်ဖြစ်နေတယ်၊ အဓိကတော့ ပြသရေးစနစ်ကို စောင့်ကြည့်နေတာလည်းပါတယ်၊ ရုံတင်ပြသရေးစနစ် ပြောင်းလဲသွားပြီဆိုရင် မချောလေးယောက်ကို သိန်းနှစ်ထောင်မဟုတ်ဘူး၊ သိန်းသုံးထောင်ဆိုလည်း ရိုက်မှာပဲ၊ တန်းစီစနစ်ပဲဖြစ်နေဦးမယ်ဆိုရင်တော့ မချောက ဘယ်လိုမှ ရိုက်လို့မရဘူး၊ တန်းစီရမယ့်အချိန် သုံးနှစ်ကို မစောင့်နိုင်ဘူးလေ၊ အဲဒီကာလမှာ ရင်းနှီးမြှုပ်နှံထားရမယ့် ငွေပမာဏက များတဲ့အတွက် မရိုက်ဖြစ်သေးတာပါ" ဟု ဒါရိုက်တာ သီဟကျော်စိုးက ပြောသည်။

မူရင်းဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ကျော်သူ၊ မေသဥ္ဇာဦး၊ မြပွင့်ဖြူ၊ ပက်ထရစ်ရှာဟောက်နဲ့ အေးမြတ်စန္ဒီ တို့ပါဝင်သရုပ်ဆောင်ခဲ့ကြပြီး ပြန်လည်ရိုက်ကူးမည့်ဇာတ်ကားတွင် မျက်နှာသစ်သရုပ်ဆောင်များကိုသာ ရွေးချယ်ရိုက်ကူးဖို့ ရည်ရွယ်ထားကြောင်း ၎င်းက ဆက်လက်ပြောသည်။

**ငွေးမမ**

# ဂျနီဖာလောရန့်စ်ရဲ့ ရုပ်ရှင်သစ် စမ်းသပ်ထုတ်လွှင့်



အော်စကာဆုရှင် မင်းသမီးတစ်ဦးဖြစ်တဲ့ ဂျနီဖာလောရန့်စ်ဟာ စုံထောက်ရုပ်ရှင်တစ်ကားဖြစ်တဲ့ "Red Sparrow"မှာ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်ထားပြီး သူ့ရဲ့ ရုပ်ရှင်သစ်ကို လတ်တလောမှာတော့ စမ်းသပ်ထုတ်လွှင့်ခဲ့တာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ် ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Red Sparrow"မှာ ဂျနီဖာလောရန့်စ်ဟာ ရုရှားစုံထောက်တစ်ဦးအဖြစ် ပါဝင်ထားတာဖြစ်ပြီး သူပါဝင်ထားတဲ့ ဇာတ်ကောင်ဟာ ဒိုမီနီကာအီဂိုရိုဗာလို့အမည်ရကာ ခက်ခဲတဲ့ လေ့ကျင့်ရေးတွေ ပြီးမြောက်ခဲ့ပြီးနောက်မှာတော့ စုံထောက်တစ်ဦးဖြစ်ပေမယ့် သူ့ရဲ့နှလုံးသားဟာ နူးညံ့သူတစ်ဦးလည်း ဖြစ်ခဲ့ပြန်ပါတယ်။ သူဟာ အစပိုင်းမှာ ဘဲလေးအကမယ်တစ်ဦးအဖြစ် ရပ်တည်ခဲ့တာဖြစ်ပြီး ဒဏ်ရာရခဲ့ပြီးနောက်မှာတော့ ဘဲလေးအကကို အပြီးတိုင်စွန့်လွှတ်လိုက်ရတာ ဖြစ်ပါတယ်။ သူဟာ မိခင်ဖြစ်သူကိုလည်း စောင့်ရှောက်ရသူဖြစ်ပြီး "Sparrow School"တစ်ခုကို ရောက်ရှိသွားကာ အဲဒီမှာ ပြင်းထန်တဲ့လေ့ကျင့်မှုတွေလုပ်ဆောင်ခဲ့ရပါတယ်။ ယင်းကျောင်းဟာ ငယ်ရွယ်တဲ့သူတွေကို သူတို့ရဲ့ခန္ဓာကိုယ်နဲ့ စိတ်ကို စွမ်းအားပြင်းလွန်းတဲ့ လက်နက်သဖွယ်အသုံးချကာ ရန်သူတို့ကို တိုက်ခိုက်ဖို့ လေ့ကျင့်ပေးတာဖြစ်ပါတယ်။ "Red Sparrow"ကိုတော့ အမေရိကန်နိုင်ငံတစ်ဝန်း လာမယ့် မတ် ၂ ရက်ကစတင်ပြီး ရုံတင်သွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

# မကြာမီ စစ်မှုထမ်းရတော့မယ့် လီဟွန်ဝူး



တောင်ကိုရီးယားရဲ့ သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ လီဟွန်ဝူးဟာ ဒီနှစ်ဆောင်းရာသီအတွင်းမှာ စစ်မှုထမ်းဆောင်ရတော့မှာဖြစ်ကြောင်း သူ့ရဲ့ဖျော်ဖြေရေးအေဂျင်စီကနေတစ်ဆင့် ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီ ၈ ရက်မှာ ထုတ်ဖော်ပြောကြားလာခဲ့တာတော့ မင်းသားဟာ လာမယ့် ဖေဖော်ဝါရီလအတွင်း စစ်မှုစတင်ထမ်းဆောင်သွားရမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

သူ့ရဲ့ဖျော်ဖြေရေးအေဂျင်စီက ထုတ်ဖော်ပြောကြားလာချိန်မှာတော့ လီဟွန်ဝူးဟာ ကာကွယ်ရေးဘက်မှာ စစ်သည်တစ်ဦးအဖြစ် တာဝန်တွေ ထမ်းဆောင်သွားဖို့ရာ အလားအလာရှိနေပြီး စစ်မှုစတင်ထမ်းဆောင်ရမယ့် ရက်အတိအကျကိုတော့ မသိရသေးကြောင်း သိရပါတယ်။ လီဟွန်ဝူး ကိုယ်တိုင်ကလည်း စစ်မှုမထမ်းမီ သူ့ရဲ့ပရိသတ်တွေကို နှုတ်ဆက်သွားမှာဖြစ်ပြီး စစ်မှုထမ်းရက်တွေ ပြီးဆုံးသွားပါက အနုပညာလှုပ်ရှားမှုတွေကို ပြန်လည်လုပ်ဆောင်သွားမှာဖြစ်တယ်လို့လည်း ပြောကြားခဲ့ပါတယ်။

လတ်တလောမှာ အသက်(၂၄)နှစ်အရွယ်ရှိပြီဖြစ်တဲ့ လီဟွန်ဝူးဟာ ကလေးသရုပ်ဆောင်တစ်ဦးအဖြစ် ပြီးခဲ့တဲ့ ၂၀၀၄ ခုနှစ်မှာ အနုပညာလောကအတွင်း စတင်ဝင်ရောက်ခဲ့တာဖြစ်ပါတယ်။ ကလေးသရုပ်ဆောင်တစ်ဦးအဖြစ် ပရိသတ်တွေရဲ့ အသိအမှတ်ပြုခြင်းခံခဲ့ရပြီးတဲ့နောက် အနုပညာခရီးဆက်ခဲ့ရာမှာ ခေါင်းဆောင်မင်းသားအဖြစ်လည်း ဇာတ်လမ်းတွဲပေါင်းများစွာမှာ ပါဝင်ရိုက်ကူးခဲ့သူလည်း ဖြစ်ပါတယ်။



# ငါးနှစ်အတွင်း ရုပ်သံဇာတ်လမ်းတွဲကို ပြန်လည်လက်ခံ ရိုက်ကူးသွားမယ့် စန်ရယ်ဂျင်

**အေးပြည့် စုစည်းသည်**

"ကျောက်မဖြစ်တဲ့ နှလုံးသားရုပ်ကြွင်း" ရုပ်သံဇာတ်လမ်းတွဲမှာ မင်းသားဆောင်းဆန်ဟွန်းနဲ့ တွဲဖက်ကာ အဓိကဇာတ်ကောင်တစ်ဦးဖြစ်တဲ့ ဟယ်ယွမ်အဖြစ် ပရိသတ်တွေရဲ့ အသိအမှတ်ပြုခြင်း ခံခဲ့ရသူတစ်ဦးဖြစ်တဲ့ စန်ရယ်ဂျင်ဟာ ရုပ်သံဇာတ်လမ်းတွဲတွေကို လက်ခံရိုက်ကူးပေးခဲ့ခြင်းမရှိတာ ငါးနှစ်ခန့်ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ လတ်တလောမှာတော့ သူဟာ ရုပ်သံဇာတ်လမ်းတွဲတစ်ခုကို လက်ခံရိုက်ကူးပေးဖို့ရာ ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ရုပ်သံဇာတ်လမ်းတွဲတစ်ခုမှာ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သွားဖို့ရာ လပေါင်းများစွာ စဉ်းစားခဲ့ပြီးနောက် လတ်တလောမှာတော့ စန်ရယ်ဂျင်က လက်ခံကြောင်း ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ စန်ရယ်ဂျင် ပါဝင်မယ့် ရုပ်သံဇာတ်လမ်းတွဲကိုတော့ JTBC က တာဝန်ယူရိုက်ကူးထုတ်လွှင့်သွားမှာဖြစ်ပြီး စနေ၊ တနင်္ဂနွေနေ့တိုင်း ထုတ်လွှင့်သွားမယ့် ဇာတ်လမ်းတွဲဖြစ်ကာ ယာယီအမည်အနေနဲ့ "Pretty Noona Who Buys Me Food"လို့ ပေးထားကြောင်းလည်း သိရပါတယ်။

ယင်းဇာတ်လမ်းတွဲဟာ မိတ်ဆွေတွေကနေတစ်ဆင့် စတင်သိကျွမ်းခဲ့ပြီးနောက် ချစ်သူတွေဖြစ်ခဲ့ကြတဲ့ စုံတွဲတစ်တွဲရဲ့ အကြောင်းတွေကို ဇာတ်လမ်းဆင် ပုံဖော်သွားမယ့် ဇာတ်လမ်းမျိုးဖြစ်ပြီး စန်ရယ်ဂျင်ရဲ့ ဇာတ်ကောင်ကတော့ ယွန်ဂျင်အာ ဖြစ်ပါတယ်။ သူဟာ ကော်ဖီဆိုင်ရဲ့ အုပ်ချုပ်သူတစ်ဦးအဖြစ် စီးပွားရေးလောကမှာ ခြေချခဲ့သူတစ်ဦးဖြစ်ပြီး အသက်(၃၀)အပိုင်းအခြားကို ရောက်လာချိန်မှာတော့ အသက်မွေးဝမ်းကျောင်းမှာရော ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စတွေမှာ အောင်မြင်မှုမရသလို ခံစားလာရပြီး ဘဝမှာလည်း ဘာမှမရှိသလို ဟာလာဟင်းလင်းကြီးဖြစ်နေပါတယ်။ သူ့ရဲ့ အခင်ဆုံးသူငယ်ချင်းတစ်ဦးရဲ့ မောင်အငယ်ဆုံးဖြစ်သူနဲ့ တွေ့ဆုံခဲ့ရာမှာတော့ သူဟာ ယခင်ကလိုမဟုတ်တော့ဘဲ ရင့်ကျက်တည်ငြိမ်တဲ့သူတစ်ဦးဖြစ်လာတာကို တွေ့ရပါတယ်။ နိုင်ငံရပ်ခြားမှာ အလုပ်သွားရောက်လုပ်ကိုင်ခဲ့ပြီးတဲ့နောက်မှာတော့ တည်ငြိမ်သူတစ်ဦးဖြစ်လာတဲ့ သူငယ်ချင်းရဲ့မောင်ကို စန်ရယ်ဂျင်က သဘောကျခဲ့တာလည်း ဖြစ်ပါတယ်။ ယင်းဇာတ်လမ်းတွဲရဲ့ ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်ဖို့ရာ လတ်တလောမှာတော့ မင်းသားဂျန်ဟေးအင်နဲ့ ဆွေးနွေးနေတာဖြစ်တယ်လို့လည်း သိရပါတယ်။

အဆိုပါဇာတ်လမ်းတွဲကို လက်ခံရိုက်ကူးပေးဖို့ ဆုံးဖြတ်ခဲ့တာနဲ့ ပတ်သက်ပြီး စန်ရယ်ဂျင်က သူစောင့်မျှော်နေတဲ့ ဇာတ်လမ်းမျိုးဖြစ်တာကြောင့်နဲ့ ထုတ်လုပ်ရေးကလည်း သူရှာဖွေနေတဲ့ထုတ်လုပ်ရေးမျိုးဖြစ်တာကြောင့်ဖြစ်တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် သူက ယင်းဇာတ်လမ်းတွဲကို လက်ခံရိုက်ကူးပေးသွားမယ့် ဒါရိုက်တာ အာပန်စွတ်ခ်ဟာ ဘဝမှာ အနည်းဆုံးတစ်ကြိမ်လောက်ဖြစ်ဖြစ် သူလက်တွဲချင်တဲ့ ဒါရိုက်တာတစ်ဦးဖြစ်ပြီး ထုတ်လွှင့်ချိန်မှာ ရရှိလာမယ့် ပရိသတ်တွေရဲ့ အားပေးမှုနဲ့ ရလဒ်တွေအတွက်လည်း အလွန်ကို စိတ်လှုပ်ရှားမိကြောင်းလည်း စန်ရယ်ဂျင်က ဖွင့်ဟခဲ့ပါတယ်။

အချိန်အတော်ကြာမှာ ရုပ်သံဇာတ်လမ်းတွဲမှာ ပြန်လည်ပါဝင်ဖြစ်တာနဲ့ပတ်သက်ပြီးလည်း စန်ရယ်ဂျင်က "အတော်ကြာမှ ဒရမ်မာမှာ ပြန်လည်တွေ့မြင်ရမှာဖြစ်တဲ့အတွက် အနည်းငယ်တော့ စိတ်ပူမိပါတယ်။ ဒါပေမယ့် ကျွန်မရဲ့ ခံစားချက်တွေနဲ့ စိတ်လှုပ်ရှားမှုတွေက ပိုပါတယ်။ ကျွန်မ အကောင်းဆုံးပြင်ဆင်ပြီး တကယ့်ကိုကောင်းမွန်တဲ့ ဒရမ်မာနဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာမှာပါ"လို့လည်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

